


VOLUME XI, ISSUE 10 10 December 2021


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (B.E FALLS) အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့် | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံ၍ ပြင်ဦးလွင်မြို့ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးမှာကြား | ၄ |
| ၃ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာ တက္ကသိုလ်တို့မှ ကျောင်းအုပ်ကြီးများ၊ နည်းပြဆရာ/ဆရာမကြီးများ၊ သင်္ဘောအရာရှိကြီးများအား တွေ့ဆုံအမှာစကားပြောကြား | ၇ |
| ၄ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၃) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှကောက်နုတ်ချက် | ၉ |
| ၅ | ၂၀၂၁ ခုနှစ် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က Video Message ပေးပို့၍ မိန့်ခွန်းပြောကြား | ၁၁ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆ | ပြည်တွင်းရေးစွက်ဖက်မှုများနှင့်သတင်းမှားအပေါ် အခြေခံသည့် ထုတ်ပြန်ချက်များအား ကန့်ကွက် | ၁၃ |
| ၇ | ဆိုရှယ်မီဒီယာများပေါ်တွင်ထွက်ပေါ်နေသည့် သတင်းတု၊ သတင်းမှားများနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက် | ၁၄ |
| ၈ | အကြမ်းဖက်သမားများက ဆရာ၊ ဆရာမများအား လက်နက်ငယ်များဖြင့် အကြောင်းမဲ့လုပ်ကြံပစ်ခတ်တိုက်ခိုက် | ၁၈ |
| ၉ | နိုင်ငံ့တာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းကောင်းမိသားစုအား အကြမ်းဖက်အဖွဲ့များက ရက်စက်စွာသတ်ဖြတ် | ၂၀ |
| ၁၀ | မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၌ အကြမ်းဖက်လက်နက်ကိုင် အဖွဲ့များက လမ်းပန်းဆက်သွယ်မှုပြတ်တောက်စေရန်ရည်ရွယ်၍ ရထားသံလမ်းအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီး | ၂၁ |
| ၁၁ | ထန်တလန်မြို့၊ အမှတ်(၂)ရပ်ကွက်အတွင်းရှိ နေအိမ်များအား PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့မှုများထပ်မံလုပ်ဆောင် | ၂၂ |
| ၁၂ | မန္တလေးတိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်တရားခံများအား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းမိ | ၂၄ |
| ၁၃ | မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်၊ ခူလယ်ကျေးရွာရှိ မဏိဇောတိကဘုန်းတော်ကြီးကျောင်းအပါအဝင် နိုင်ငံတွင်းရှိ ဘုန်းတော်ကြီးကျောင်းနှင့်သီလရှင်ကျောင်းအချို့၌ လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများသိမ်းဆည်းရမိ | ၂၆ |
| ၁၄ | ချမ်းအေးသာစံမြို့နယ်အတွင်း Silence Strike Campaign ပြုလုပ်ရန် ပြင်ဆင်နေသူအား လက်လုပ်မိုင်း၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ | ၃၁ |
| ၁၅ | လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ၂၀၀၀၀ ကျပ်တန်၊ ၅၀၀၀၀ ကျပ်တန် ငွေစက္ကူသစ်များ ထုတ်မည်ဆိုသည့်သတင်းမှာ သတင်းအမှားသာဖြစ် | ၃၃ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း(B.E FALLS) အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဒီဇင်ဘာလ ၉ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ပြင်ဦးလွင်မြို့ ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (B.E FALLS) အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ခဲ့ပြီး အဆိုပါအခမ်းအနားကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ နိုင်ငံတော်ဝန်ကြီးချုပ်က ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (B.E FALLS) မုဒ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်တရ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးကြပြီး ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း(B.E FALLS)အတွင်း လှည့်လည်၍ နိုင်ငံတကာအဆင့်မီ LED မှန်တံတားပေါ်မှဖြတ်သန်းကြည့်ရှုခြင်း၊ ရှေးခေတ်က ပြင်ဦးလွင်ဒေသတွင် အသုံးပြုခဲ့သည့် မော်တော်ယာဉ်များ၊ ကြိုးတံတားနှင့် သစ်လုံးအိမ်တို့ ထည့်သွင်းတည်ဆောက်ထားရှိခြင်းတို့ကို လှည့်လည်ကြည့်ရှုခြင်းများဆောင်ရွက်၍ ဆင်ကလေးများကို အစာကျွေးခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း(B.E FALLS)အတွင်း အမိုးပါကလေးအားကစားကွင်းတွင် နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ဖွဲ့မှ တင်ဆက်ပြသသည့် မျက်လှည့်ပြကွက်များအား ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများပေးအပ်ကာ ဒေသထွက်ပစ္စည်းအရောင်းဆိုင်များ၊ Smart P ရုပ်အင်္ကျီအရောင်းဆိုင်၊ နေရောင်ခြည်စွမ်းအင်သုံး၊ စိုက်ပျိုးရေးရေသုံးဆိုလာနည်းစနစ်နှင့် စိုက်ခင်းများအားဆိုလာနည်းစနစ်ဖြင့် ရေဖြန်းနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (B.E FALLS)သည်-

- ပွဲကောက်ကျေးရွာအနီး၊ မန္တလေး-လားရှိုးမီးရထားလမ်းနှင့် ကားလမ်းတို့အကြားတွင်တည်ရှိပြီး ၁၉၄၉ ခုနှစ်တွင် ပြင်ဦးလွင်မြို့အား သောင်းကျန်းသူများ သိမ်းပိုက်ထားချိန်၌ ယခု(B.E FALLS)ပွဲကောက်ရေတံခွန်တည်ရှိရာနေရာတွင် လေ့ကျင့်ရေးအင်ဂျင်နီယာတပ်ရင်းမှတပ်စွဲ၍ သောင်းကျန်းမှုများကို နှိမ်နင်းခဲ့သည့်အတွက် နောင်လာနောက်သားများအမှတ်တရရှိစေရေး အပန်းဖြေစခန်းတစ်ခု တည်ဆောက်ရာမှ ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း။
- ပွဲကောက်ရေတံခွန်သည် ယခင်က စနစ်ကျသည့်အကွက်ချမှုမရှိခြင်း၊ ဈေးဆိုင်ခန်းများ များပြားလာခြင်း၊ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်း၊ သစ်ပင်များခုတ်လှဲခြင်းများကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ပျက်စီးယိုယွင်းမှုများဖြစ်ပေါ်လာခဲ့ပြီး နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန်ချက်များအရ ယခုကဲ့သို့ အဆင့်မြှင့်တင်ပြုပြင်ထိန်းသိမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။



**နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များက နိုင်ငံတကာအဆင့်မီ LED မှန်တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုနေမှု**

- ရေတံခွန်အတွင်း ရေသန့်စင်စေရေး သဘာဝရေသန့်စင်စနစ်ကို အသုံးပြုထားသဖြင့် ရေကစားလိုသူများအနေဖြင့်လည်း သန့်ရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်စွာ ရေကစားမှုပြုနိုင်မည်ဖြစ်ကြောင်း။
- အပန်းဖြေစခန်းအတွင်း ရေတံခွန် ၃ ခု ရှိပြီး မြန်မာနိုင်ငံတွင် ပထမဆုံး LED မှန်တံတားကိုလည်း ကမ္ဘာ့အဆင့်မီစွာဖြင့် ထည့်သွင်းဆောက်လုပ်ထားကာ မှန်တံတားအောက်ခြေရှုခင်းများကို ရင်ခုန်စိတ်လှုပ်ရှားစွာခံစားနိုင်မည်ဖြစ်ကြောင်း။

လာရောက်လည်ပတ်သူများ စိတ်အပန်းပြေစေရန် ရည်ရွယ်၍ အဆင့်မြှင့်တင်ဆောက်ရွက်ထားပြီး မှန်တံတား၊ ကြိုးတံတားများအပြင် log house၊ coffee shop၊ တောတွင်းလျှောက်လမ်းများ၊ အပန်းဖြေနေရာများ၊ ကလေးကစားကွင်းများစသည်တို့ကို ပြည့်စုံအောင် ထည့်သွင်းအဆင့်မြှင့်တင်ထားရှိသည့်အပြင် လုံခြုံရေးနှင့် ကူညီကယ်ဆယ်ရေးအတွက်လည်း အသေးစိတ် ပြင်ဆင်ဆောင်ရွက်ထားရှိကြောင်း သိရှိရပါသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဇနီးဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

**(မြဝတီသတင်းစာ ၁၀-၁၂-၂၀၂၁)**

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ပြင်ဦးလွင်မြို့ ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း(B.E FALLS)အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ခဲ့။**
- **ပွဲကောက်ရေတံခွန် (B.E FALLS)သည် ပွဲကောက်ကျေးရွာအနီး၊ မန္တလေး-လားရှိုးမီးရထားလမ်းနှင့် ကားလမ်းတို့အကြားတွင်တည်ရှိပြီး ၁၉၄၉ ခုနှစ်တွင် ပြင်ဦးလွင်မြို့အား သောင်းကျန်းသူများ သိမ်းပိုက်ထားချိန်၌ ယခု (B.E FALLS) ပွဲကောက်ရေတံခွန်တည်ရှိရာနေရာတွင် လေ့ကျင့်ရေးအင်ဂျင်နီယာတပ်ရင်းမှ တပ်စွဲ၍ သောင်းကျန်းမှုများကို နှိမ်နင်းခဲ့သည့်အတွက် နောင်လာနောက်သားများအမှတ်တရရှိစေရေး အပန်းဖြေစခန်းတစ်ခု တည်ဆောက်ရာမှ ပေါ်ပေါက်လာခြင်းဖြစ်။**
- **ရေတံခွန်အတွင်း ရေသန့်စင်စေရေး သဘာဝရေသန့်စင်စနစ်ကို အသုံးပြုထားသဖြင့် ရေကစားလိုသူများ အနေဖြင့်လည်း သန့်ရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်စွာ ရေကစားမှုပြုနိုင်မည်ဖြစ်။**
- **အပန်းဖြေစခန်းအတွင်း ရေတံခွန် ၃ ခု ရှိပြီး မြန်မာနိုင်ငံတွင် ပထမဆုံး LED မှန်တံတားကိုလည်း ကမ္ဘာ့အဆင့်မီစွာဖြင့် ထည့်သွင်းဆောက်လုပ်ထားကာ မှန်တံတားအောက်ခြေရှုခင်းများကို ရင်ခုန်စိတ်လှုပ်ရှားစွာ ခံစားနိုင်မည်ဖြစ်။**

## နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း(B.E FALLS)အတွင်း လှည့်လည်ကြည့်ရှုနေသည့် မှတ်တမ်းဓာတ်ပုံများ



နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ ရှေးခေတ်က ပြင်ဦးလွင်ဒေသတွင် အသုံးပြုခဲ့သည့်မော်တော်ယာဉ်များအား ကြည့်ရှုနေမှု



နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ဆင်ကလေးများကို အစာကျွေးနေမှု



နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ဖွဲ့မှ မျက်လှည့်ပြသမှုပြကွက်များအား ကြည့်ရှုအားပေးစဉ်



နိုင်ငံတော်ဝန်ကြီးချုပ်က နေရောင်ခြည်စွမ်းအင်သုံး စိုက်ပျိုးရေးသုံးဆိုလာနည်းစနစ်ဆောင်ရွက်ထားမှုကို ကြည့်ရှုနေမှု



နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်ကူးနေမှု

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံ၍ ပြင်ဦးလွင်မြို့ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးမှာကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဒီဇင်ဘာလ ၉ ရက်တွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ပြင်ဦးလွင်မြို့၊ တပ်မတော် ဧည့်ဂေဟာရှိ အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ပြင်ဦးလွင်မြို့ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးမှာကြားခဲ့ပါသည်။

ဌာနဆိုင်ရာတာဝန်ရှိသူများက ပြင်ဦးလွင်ဒေသအတွင်း ကျေးလက်နေပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော်ဖီစိုက်တောင်သူများ လုပ်ငန်းများဆောင်ရွက်ရာတွင် ခေတ်မီနည်းစနစ်များဖြင့် ဆောင်ရွက်နိုင်ရေး၊ ပြင်ဦးလွင်ခရိုင်ဒေသဆိုင်ရာအချက်အလက်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်မှု၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ပြင်ဦးလွင်မြို့ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုများအား အသီးသီးရှင်းလင်းတင်ပြပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က-

- ပြင်ဦးလွင်မြို့သည် ပြည်တွင်းခရီးသွားများနှင့် ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားမှုရှိသည့် ခရီးသွားမြို့တစ်မြို့ဖြစ်သလို မိမိတို့တာဝန်ယူချိန်ကာလအတွင်း ပြင်ဦးလွင်မြို့အား မူလတောင်ပေါ်အပန်းဖြေမြို့အဖြစ် ပြန်လည်ရောက်ရှိရေး ကြိုးပမ်းတည်ဆောက်လျက်ရှိကြောင်း။
- နိုင်ငံတကာက ပြင်ဦးလွင်မြို့နှင့်ပတ်သက်၍ စိတ်ဝင်စားမှုများရှိပြီး ထိုအခွင့်အရေးအား အသုံးချနိုင်ပါက ခရီးသွားလုပ်ငန်းအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သဖြင့် ပြင်ဦးလွင်မြို့အား နိုင်ငံတကာအဆင့်မီ သာယာလှပစေရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။
- ကော်ဖီစိုက်ပျိုးရေးနှင့်ပတ်သက်၍ စိုက်ပျိုးမြေများအား စည်းကမ်းသတ်မှတ်ချက်များအတိုင်း လိုက်နာပြီး သတ်မှတ်နှစ်များအတွင်း စိုက်ပျိုးပြီးစီးအောင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြင်ဦးလွင်ဒေသတွင် ကော်ဖီစိုက်ပျိုးရေးအတွက် စိုက်ပျိုးမြေများသတ်မှတ်၍ ကော်ဖီစိုက်ပျိုးရေးဇုန်အဖြစ် နိုင်ငံတော်မှ သတ်မှတ်ပေးထားကြောင်း။
- ယခင်က သစ်သီးပန်းမန်များစိုက်ပျိုးခြင်းကို ဆောင်ရွက်ခဲ့ကြသော်လည်း စိုက်ပျိုးမြေများအား အခြားကိစ္စရပ်များတွင် အသုံးပြုမှုများနှင့် အားပေးမှုများနည်းပါးလာခြင်းများကြောင့် ယခုအခါစိုက်ပျိုးမှုများ များစွာလျော့နည်းလာခဲ့ပြီး စိုက်ပျိုးရေးထွက်ကုန်များ နည်းပါးလာကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနများမှ သုတေသနပြုဆောင်ရွက်ပေးရန်နှင့် စိုက်ပျိုးရေးထွက်ကုန်များ ဈေးကွက်ရရှိရေး ဆောင်ရွက်ပေးရန်လိုကြောင်း။
- ပြင်ဦးလွင်ဒေသတွင် မလိုင်ထုတ်လုပ်မှုများရှိပြီး အရည်အသွေးကောင်းမွန်သည့် မလိုင်ထုတ်ကုန်များ ထုတ်လုပ်



လျက်ရှိကြောင်း၊ မိမိတို့ဒေသမှထွက်ရှိသည့် ထုတ်ကုန်များအား ပြည်တွင်းဖြန့်ဖြူးမှုသာမက နိုင်ငံတကာသို့ တင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

- မိမိတို့ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှုများကြောင့် ပြည်ပနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်နေရသူများ များစွာရှိကြောင်း၊ ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသူများကိုလည်း နိုင်ငံတော်နှင့် တပ်မတော်မှ မိမိတို့နိုင်ငံသို့ ပြန်လည်ခေါ်ယူနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်သူများအလုပ်အကိုင်ရရှိရေးအတွက် ဒေသအလိုက်စီးပွားရေးကောင်းမွန်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ရှိပြီးသားကောင်းမွန်သည့် ရေခံမြေခံများကို အကျိုးရှိစွာ အသုံးချရန်လိုကြောင်း။
- သစ်တောများ ပြုန်းတီးမှုမရှိစေရေးအတွက်လည်း သစ်တောသစ်ပင်များအား ထိန်းသိမ်းကြရန်လိုကြောင်း။
- စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေနှင့် နည်းစနစ်တို့ကို စနစ်တကျဖြင့် ပေါင်းစပ်ဆောင်ရွက်၍ စိုက်ပျိုးရေးသီးနှံများ အထွက်နှုန်းကောင်းစေရေး ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် သဘာဝဓာတ်မြေဩဇာများရရှိရေးအတွက် မွေးမြူရေးလုပ်ငန်းများအား စနစ်တကျမွေးမြူဆောင်ရွက်ရန်လိုကြောင်း။
- ရှိပြီးသား စိုက်ပျိုးမြေဧရိယာများပေါ်တွင်သာ စိုက်ပျိုးရေးသီးနှံများအထွက်တိုးအောင် ဆောင်ရွက်ခြင်းဖြင့် သစ်တောခုတ်ထွင်မှုများကိုလျှော့ချနိုင်ပြီး သစ်တောများ ပြုန်းတီးမှုကိုတတ်နိုင်သမျှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း။
- ပြင်ဦးလွင်မြို့ပတ်ဝန်းကျင်ရှိ သစ်တောများပြုန်းတီးမှုမရှိစေရေးအတွက် မဖြစ်မနေထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့မှသာ ရေဝေရေလဲဧရိယာများတွင် သစ်ပင်သစ်တောများ များပြားလာပြီး ရာသီဥတုများ ပြန်လည်ကောင်းမွန်လာမည်ဖြစ်ကြောင်း။
- ကန်တော်ကြီးရေလှောင်ကန်အတွင်း ရေဝင်ရောက်မှုနည်းပါးခဲ့ခြင်းကြောင့် မိမိ၏ စက်တင်ဘာလခရီးစဉ်အတွင်း ကန်တော်ကြီးရေလှောင်ကန်အတွင်းရေများ ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် လိုအပ်ချက်များအား ညှိနှိုင်းဖြေရှင်း၍ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယခုအခါ ရေများ အတိုင်းအတာတစ်ခုအထိ ပြန်လည်ဝင်ရောက်လျက်ရှိ။
- သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကြောင့် ရာသီဥတုများဖောက်ပြန်လာပြီး မိုးရွာသွန်းမှုများနည်းပါးလာကာ ဆည်များနှင့် ကန်များအတွင်းသို့ ရေဝင်ရောက်မှုများ နည်းပါးလာကြောင်း၊ မိမိတို့အနေဖြင့် သစ်တောသစ်ပင်များအား ထိန်းသိမ်းကြရန်လိုကြောင်း။
- မြို့ပြတိုးချဲ့ရေးနှင့်ပတ်သက်၍ မိမိ၏ဖြတ်သန်းခဲ့သည့် အတွေ့အကြုံများအရ အကြံပြုတိုက်တွန်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လမ်းများတည်ဆောက်ခြင်း၊ မြို့ပြများတိုးချဲ့ခြင်းများဆောင်ရွက်ရာတွင် အနာဂတ်စီမံကိန်းများအတွက်ပါ ထည့်သွင်းတွက်ချက်ဆောင်ရွက်ရန်လိုကြောင်း၊ မြို့ပြတည်ဆောက်ရေးနှင့်ပတ်သက်၍ အဘက်ဘက်မှ စဉ်း

စားဆောင်ရွက်ကြရန်လိုကြောင်း၊ အဆောက်အဦများ ဆောက်လုပ်ရာတွင် သက်ဆိုင်ရာဥပဒေ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း။

- ပြင်ဦးလွင်ဘူတာသည် သမိုင်းဝင်ဘူတာဖြစ်ပြီး ဂုတ်ထိပ်တံတားသည်လည်း သမိုင်းဝင်နေရာတစ်ခုဖြစ်ကြောင်း၊ ခရီးသွားများ စိတ်ဝင်စားမှုရှိသည့် ကျောက်မီးသွေးသုံး ရထားစက်ခေါင်းများ အသုံးပြု၍ ပြင်ဦးလွင်မြို့ကို ဗဟိုပြုပြီး ရထားခရီးစဉ်များပြေးဆွဲနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။
- ပြင်ဦးလွင်မြို့ကို ပညာရေးနှင့်ပတ်သက်၍လည်း ပညာရေးမြို့အဖြစ် ဖော်ဆောင်ရန်လိုကြောင်း၊ အလားတူ ကျန်းမာရေးနှင့်ပတ်သက်၍လည်း ပြင်ဦးလွင်မြို့ကို ဗဟိုပြု၍ မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။
- ပြင်ဦးလွင်မြို့အား Clean City၊ Green City ဖြစ်အောင် ဆောင်ရွက်၍ ရှိပြီးသားအခြေခံဖြစ်သည့် ရတနာပုံဆိုက်ဘာစီးတီး၊ အနီးစခန်းလေယာဉ်ကွင်းများကို အသုံးချ၍ Smart City ဖြစ်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်။
- ပြည်သူများအားလုံး လူမှုစီးပွားဘဝတိုးတက်ရေးအတွက် ပြည်သူအားလုံး စုပေါင်းဆောင်ရွက်၍ရသည့် သမဝါယမစနစ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။
- ကုန်ထုတ်လုပ်မှုလုပ်ငန်းများအား စုပေါင်းလုပ်ဆောင်သည့်စနစ်ဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ အစိုးရသည် ပြည်သူများ၏ အကျိုးကိုဖြည့်ဆည်း ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ မိမိတို့ဆောင်ရွက်နေရသည့် လုပ်ငန်းတာဝန်များမှာ ကျယ်ပြောသဖြင့် ဝန်ကြီးဌာနအချင်းချင်းပူးပေါင်းဆောင်ရွက်ခြင်းများဖြင့် လုပ်ငန်းများအဆင်ပြေအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်လိုကြောင်း။
- ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ယခုအခါ အတိုင်းအတာတစ်ခုအထိ ကျဆင်းလာပြီဖြစ်သော်လည်း အခြားနိုင်ငံများတွင် အိုမီခရွန် ကိုဗစ်ဗီဇပြောင်းရောဂါပိုးများ ကူးစက်မှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကူးစက်မှု အား ထိန်းချုပ်နိုင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ကိုဗစ်စည်းကမ်းများနှင့်အညီ စနစ်တကျ ပညာပေးခြင်း၊ ထိန်းသိမ်းကြပ်မတ်ခြင်းများ ဆောင်ရွက်ရန်လိုကြောင်းဖြင့် မှာကြားခဲ့။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဝင်များ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ခဲ့ပါသည်။

**(မြဝတီသတင်းစာ ၁၀-၁၂-၂၀၂၁)**

- **နိုင်ငံတကာက ပြင်ဦးလွင်မြို့နှင့်ပတ်သက်၍ စိတ်ဝင်စားမှုများရှိပြီး ထိုအခွင့်အရေးအား အသုံးချနိုင်ပါက ခရီးသွားလုပ်ငန်းအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သဖြင့် ပြင်ဦးလွင်မြို့အား နိုင်ငံတကာအဆင့်မီသာယာလှပစေရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။**
- **ကော်ဖီစိုက်ပျိုးရေးနှင့်ပတ်သက်၍ စိုက်ပျိုးမြေများအား စည်းကမ်းသတ်မှတ်ချက်များအတိုင်း လိုက်နာပြီး သတ်မှတ်နှစ်များအတွင်း စိုက်ပျိုးပြီးစီးအောင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြင်ဦးလွင်ဒေသတွင် ကော်ဖီစိုက်ပျိုးရေးအတွက် စိုက်ပျိုးမြေများသတ်မှတ်၍ ကော်ဖီစိုက်ပျိုးရေးဇုန်အဖြစ် နိုင်ငံတော်မှ သတ်မှတ်ပေးထားကြောင်း။**

- ရှိပြီးသား စိုက်ပျိုးမြေဧရိယာများပေါ်တွင်သာ စိုက်ပျိုးရေးသီးနှံများ အထွက်တိုးအောင်ဆောင်ရွက်ခြင်းဖြင့် သစ်တောခုတ်ထွင်မှုများကိုလျှော့ချနိုင်ပြီး သစ်တောများပြုန်းတီးမှုကို တတ်နိုင်သမျှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း။
- ပြင်ဦးလွင်ဘူတာသည် သမိုင်းဝင်ဘူတာဖြစ်ပြီး ဂုတ်ထိပ်တံတားသည်လည်း သမိုင်းဝင်နေရာတစ်ခုဖြစ် ကြောင်း၊ ခရီးသွားများ စိတ်ဝင်စားမှုရှိသည့် ကျောက်မီးသွေးသုံးရထားစက်ခေါင်းများ အသုံးပြု၍ ပြင်ဦးလွင်မြို့ကို ဗဟိုပြုပြီး ရထားခရီးစဉ်များပြေးဆွဲနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။
- ပြင်ဦးလွင်မြို့အား Clean City၊ Green City ဖြစ်အောင်ဆောင်ရွက်၍ ရှိပြီးသားအခြေခံဖြစ်သည့် ရတနာပုံ ဆိုက်ဘာစီးတီး၊ အနီးစခန်းလေယာဉ်ကွင်းများကို အသုံးချ၍ Smart City ဖြစ်အောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ရမည်ဖြစ်။
- အခြားနိုင်ငံများတွင် အိုမီခရွန် ကိုဗစ်ဗီဇပြောင်းရောဂါပိုးများ ကူးစက်မှုများဖြစ်ပေါ်လျက်ရှိပြီး မိမိတို့နိုင်ငံတွင်လည်း ကိုဗစ်-၁၉ ကူးစက်မှုအား ထိန်းချုပ်နိုင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ကိုဗစ်စည်းကမ်းများနှင့်အညီ စနစ်တကျပညာပေးခြင်း၊ ထိန်းသိမ်းကြပ်မတ်ခြင်းများဆောင်ရွက်ရန်လိုကြောင်းဖြင့် မှာကြားခဲ့။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်တို့မှ ကျောင်းအုပ်ကြီးများ၊ နည်းပြဆရာ/ဆရာမကြီးများ၊ သင်္ချေအရာရှိကြီးများအား တွေ့ဆုံအမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဒီဇင်ဘာလ ၉ ရက်မွန်းလွဲပိုင်းတွင် စစ်တက္ကသိုလ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ်တို့မှ ကျောင်းအုပ်ကြီးများ၊ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာ၊ ဆရာမကြီးများ၊ သင်္ချေအရာရှိများအား စစ်တက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ၌ တွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံပွဲတွင် စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်နှင့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်မျိုးတင်တို့က ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၁ ခုနှစ်အထိ နှစ်ပေါင်း ၁၂ အတွင်း စစ်တက္ကသိုလ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ်တို့မှ အရာရှိများလေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့မှု၊ စာပေသင်ကြားပေးနိုင်ခဲ့မှုနှင့် လက်ရှိတာဝန်ထမ်းဆောင်နေမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီးနောက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မှာကြားရာတွင်–

- စစ်တက္ကသိုလ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ်တို့မှ သင်တန်းသားများ၊ ကျောင်းဆင်းအရာရှိများအနေဖြင့် ပေးအပ်လာသည့် ရည်မှန်းချက်တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရေးအတွက် နည်းပြအရာရှိများက အရည်အချင်းပြည့်ဝပြီး အရည်အသွေးထက်မြက်ကောင်းမွန်သည့် အရာရှိများထွက်ပေါ်လာအောင် လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ကြောင်း။
- အနာဂတ်တွင် ထူးချွန်ထက်မြတ်ပြီး ပြည်သူကအားကိုးပြီး နိုင်ငံတော်က အားထားရသည့် ခေါင်းဆောင်များထွက်ပေါ်လာစေရေးအတွက် သင်တန်းစတင်တက်ရောက်ချိန်မှစ၍ အဆင့်လိုက်တက်ရောက်ရသည့်သင်တန်းများကို အဆင့်ဆင့်သင်ကြားပေးခဲ့ရပြီး နိုင်ငံတော်နှင့်တပ်မတော်က အချိန်နှင့် ငွေကြေးအရင်းအနှီးများစွာဖြင့် ပြုစုပျိုးထောင်ပေးခဲ့ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ခေါင်းဆောင်များအနေဖြင့် စိတ်ဓာတ်ခိုင်မာမှုရှိရမည်ဖြစ်ပြီး မိမိရည်မှန်းချက်အောင်မြင်ရန်အတွက် မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနှင့် စည်းကမ်းရှိစွာ နေထိုင်လုပ်ကိုင်ဆောင်ရွက်ရန်လည်းလိုကြောင်း။
- နည်းပြများအနေဖြင့် လေ့ကျင့်ရေးနှင့် ပတ်သက်ပါက ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ကြရန်၊ သင်တန်းသားများကို အလိုမလိုက်ရန်လိုအပ်သကဲ့သို့ မိမိကိုယ်ကိုလည်း အလိုမလိုက်ရန်လိုကြောင်း။
- အရည်အချင်းများနှင့် ပြည့်စုံသဖြင့် နည်းပြများဖြစ်နေကြခြင်းဖြစ်သည့်အတွက် မိမိတတ်မြောက်ထားသည့်၊ သင်ကြားထားရသည့် စာပေပညာ၊ စစ်ပညာများကို ဖြတ်သန်းလာသည့်အတွေ့အကြုံများနှင့် ချိန်ထိုး၍ စနစ်တကျသင်ကြားပေးစေလိုပြီး အနာဂတ်ခေါင်းဆောင်များကို မွေးထုတ်ပေးနိုင်ရမည်ဖြစ်ကြောင်း။
- သင်တန်းသားများ၏ အရည်အသွေးမြှင့်တင်နိုင်ရေး အမြဲမပြတ်လေ့လာဖော်ထုတ်နေရမည်ဖြစ်ပြီး သင်တန်းဆင်းလာပါက ၎င်းတို့၏ အရည်အချင်းနှင့်ကိုက်ညီသည့် လူမှန်နေရာမှန် တာဝန်ပေးအပ်နိုင်ရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ အရေးအတွက်ထက် အရည်အချင်းကို ဦးစားပေးဆောင်ရွက်ကြစေလိုပြီး နိုင်ငံတော်နှင့် တပ်မတော်အတွက် အားကိုးအားထားရသည့် အရာရှိကောင်းများကို မွေးထုတ်ပေးကြရမည်ဖြစ်ကြောင်း။
- မိမိအနေဖြင့် အရည်အသွေးပြည့်ဝသော တပ်မတော်ဖြစ်စေရေးအတွက် တပ်မတော်စွမ်းရည်ထက်မြက်ရေး၊ စွမ်းပကားမြင့်မားရေးကို အလေးထားဆောင်ရွက်ပေးခဲ့ပြီး အရာရှိ၊ စစ်သည်များ၏ ပညာရည်မြင့်မားရေး၊ မိသားစုများ၏ စားဝတ်နေရေး အဆင်ပြေချောမွေ့မှုရှိစေရေး ဘက်ပေါင်းစုံမှ ကြိုးပမ်းလုပ်ဆောင်ခဲ့ကြောင်း။
- နိုင်ငံတကာ တပ်မတော်များနည်းတူ အမျိုးသမီးအရာရှိ၊ စစ်သည်များကိုလည်း ပြန်လည်လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပြီး အမျိုးသားများနည်းတူ တာဝန်ကျရာနေရာ အသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည်ကို ဂုဏ်ယူဖွယ်တွေ့မြင်ရကြောင်း။
- တက္ကသိုလ်၊ သင်တန်းကျောင်းအသီးသီးမှ နည်းပြများအနေဖြင့် မိမိတို့လေ့ကျင့်သင်ကြားပေးသည့် ခေါင်းဆောင်ငယ်များအား တစ်ဦးချင်း၏ အခြေခံစိတ်ဓာတ်၊ ခံယူချက်၊ ယုံကြည်ချက်၊ စစ်မြေပြင်ကျွမ်းကျင်မှုနှင့် ဘာသာရပ်အလိုက် တတ်မြောက်မှုစသည်ဖြင့် လေ့ကျင့်သားပြည့်ဝမှုရှိစေရေး သင်ကြားလေ့ကျင့်ပေးရန်၊ သင်တန်းဆင်းပြီးပါက ဘဝတစ်လျှောက်လုံးတွင် မိမိတို့ ရာထူး၊ အဆင့်နှင့်လျော်ညီစွာ နေထိုင်ပြုမူဆောင်ရွက်နိုင်စေရန်။
- တက္ကသိုလ်၊ သင်တန်းကျောင်းအသီးသီးမှ နည်းပြများအနေဖြင့် မိမိတို့လေ့ကျင့်သင်ကြားပေးသည့် ခေါင်းဆောင်ငယ်များအား အနာဂတ်နိုင်ငံတော်နှင့် တပ်မတော်အတွက် ခေါင်းဆောင်ကောင်းများ ပေါ်ထွက်လာစေရန် လေ့ကျင့်သင်ကြားလေ့ကျင့်ပေးရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကျောင်းအုပ်ကြီးများ၊ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများ၊ သန္ဓေအရာရှိများ တက်ရောက်ခဲ့ပါသည်။

**(မြဝတီသတင်းစာ ၁၀–၁၂–၂၀၂၁)**

- စစ်တက္ကသိုလ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ်တို့မှ သင်တန်းသားများ၊ ကျောင်းဆင်းအရာရှိများအနေဖြင့် ပေးအပ်လာသည့် ရည်မှန်းချက်တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရေးအတွက် နည်းပြအရာရှိများက အရည်အချင်းပြည့်ဝပြီး အရည်အသွေးထက်မြက်ကောင်းမွန်သည့် အရာရှိများထွက်ပေါ်လာအောင် လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ကြောင်း။
- သင်တန်းသားများ၏ အရည်အသွေးမြှင့်တင်နိုင်ရေး အမြဲမပြတ်လေ့လာဖော်ထုတ်နေရမည်ဖြစ်ပြီး သင်တန်းဆင်းလာပါက ၎င်းတို့၏ အရည်အချင်းနှင့်ကိုက်ညီသည့် လူမှန်နေရာမှန် တာဝန်ပေးအပ်နိုင်ရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ အရေးအတွက်ထက် အရည်အချင်းကို ဦးစားပေးဆောင်ရွက်ကြစေလိုပြီး နိုင်ငံတော်နှင့် တပ်မတော်အတွက် အားကိုးအားထားရသည့် အရာရှိကောင်းများကို မွေးထုတ်ပေးကြရမည်ဖြစ်ကြောင်း။
- မိမိအနေဖြင့် အရည်အသွေးပြည့်ဝသော တပ်မတော်ဖြစ်စေရေးအတွက် တပ်မတော်စွမ်းရည်ထက်မြက်ရေး၊ စွမ်းပကားမြင့်မားရေးကို အလေးထားဆောင်ရွက်ပေးခဲ့ပြီး အရာရှိ၊ စစ်သည်များ၏ ပညာရည်မြင့်မားရေး၊ မိသားစုများ၏စားဝတ်နေရေး အဆင်ပြေချောမွေ့မှုရှိစေရေး ဘက်ပေါင်းစုံမှ ကြိုးပမ်းလုပ်ဆောင်ခဲ့ကြောင်း။
- နိုင်ငံတကာ တပ်မတော်များနည်းတူ အမျိုးသမီးအရာရှိ၊ စစ်သည်များကိုလည်း ပြန်လည်လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပြီး အမျိုးသားများနည်းတူ တာဝန်ကျရာနေရာအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည်ကို ဂုဏ်ယူဖွယ်တွေ့မြင်ရ။

---

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၃) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှကောက်နုတ်ချက်

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (Universal Declaration of Human Rights – UDHR) ထုတ်ပြန်ခဲ့သည့် (၇၃)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အခါသမယ ၁၀-၁၂-၂၀၂၁ ရက်နေ့၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ပေးပို့သည့်သဝဏ်လွှာ ကောက်နုတ်ချက်မှာ–

- ၁၀-၁၂-၂၀၂၁ ရက်တွင်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့တွင် ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံအသီးသီး၌ လူ့အခွင့်အရေးနေ့အထိမ်းအမှတ်အခမ်းအနားများကို ပြုလုပ်ကျင်းပလေ့ရှိသည့်အားလျော်စွာ မိမိတို့ မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံတကာအသိုက်အဝန်းနှင့်အတူ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။
- မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးရခဲ့ပြီး ဧပြီလ ၁၉ ရက်နေ့တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့၍ လွတ်လပ်ရေးရပြီး များမကြာမီ ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံ၌ ပြုလုပ်သည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအတည်ပြုထုတ်ပြန်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများက မဲခွဲဆုံးဖြတ်ရာတွင် မြန်မာနိုင်ငံအနေဖြင့် ထောက်ခံမဲပေးခဲ့ကြောင်း။
- လူ့အခွင့်အရေးသည် လူသားအားလုံးရပိုင်ခွင့်ရှိသည့် ပယ်ဖျက်၍မရသော မွေးရာပါအခွင့်အရေးဖြစ်သော်လည်း မိမိတို့၏အခွင့်အရေးများကို ရရှိခံစားရာတွင် သူတစ်ပါး၏အခွင့်အရေးများကို လေးစားတန်ဖိုးထားပြီး ထိခိုက်နစ်နာဆုံးရှုံးမှုမရှိရလေအောင် ကျင့်သုံးခြင်းမှာလည်း လူ့အခွင့်အရေး၏အရေးပါသော အနှစ်သာရတစ်ရပ်ဖြစ်ကြောင်း။
- မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် အဓိကအပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးသဘောတူစာချုပ်များဖြစ်သော စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်

(International Covenant on Economic, Social and Cultural Rights – ICESCR)၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (Convention on the Rights of the Child– CRC)၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (Convention on the Elimination of All Forms of Discrimination Against Women – CEDAW)နှင့် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်(Convention on the Rights of Persons with Disabilities – CRPD) တို့တွင် စာချုပ်ဝင်နိုင်ငံအဖြစ် ပါဝင်ချုပ်ဆိုခဲ့ပြီး ယင်းစာချုပ်များနှင့် ဆက်စပ်သည့်နောက်ဆက်တွဲ သဘောတူစာချုပ်အချို့ကိုလည်း ပါဝင်ချုပ်ဆိုခဲ့ကြောင်း။

- ကမ္ဘာ့အသီးသီးတွင် မညီမျှမှုများနှင့် ခွဲခြားဆက်ဆံမှုများ မရှိစေရေး ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံအနေဖြင့်လည်း ပြည်သူပြည်သားများ၏လူ့အခွင့်အရေးများ တန်းတူခံစားရရှိနိုင်ရေးနှင့် မညီမျှမှုများ လျော့ကျစေရေးတို့အတွက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အပါအဝင် အခြားသက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးတို့က ချိတ်ဆက်ပူးပေါင်း၍ အားထုတ်ကြိုးပမ်းလျက်ရှိကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့အခွင့်အရေးအခြေအနေများ ဟန်ချက်ညီညီမြင့်မားလာစေရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၊ ပြည်သူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများအနေဖြင့် တန်းတူညီမျှမှုရှိရေး၊ အားလုံးပါဝင်နိုင်ရေးနှင့် ခွဲခြားဆက်ဆံမှုမရှိရေး စသည့်လူ့အခွင့်အရေး အခြေပြုနည်းလမ်းများကို လေးစားလိုက်နာကျင့်သုံးဆောင်ရွက်ကြစေရန် တိုက်တွန်းကြောင်း သဝဏ်လွှာပေးပို့ခဲ့ပါသည်။

**(မြဝတီသတင်းစာ ၁၀-၁၂-၂၀၂၁)**

- **၁၀-၁၂-၂၀၂၁ ရက်တွင်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့တွင် ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံအသီးသီး၌ လူ့အခွင့်အရေးနေ့အထိမ်းအမှတ် အခမ်းအနားများကို ပြုလုပ်ကျင်းပလေ့ရှိသည့်အားလျော်စွာ မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံတကာအသိုက်အဝန်းနှင့်အတူ ပါဝင်ဆောင်ရွက်လျက်ရှိ။**
- **လူ့အခွင့်အရေးသည် လူသားအားလုံးရပိုင်ခွင့်ရှိသည့် ပယ်ဖျက်၍မရသော မွေးရာပါအခွင့်အရေးဖြစ်သော်လည်း မိမိတို့၏ အခွင့်အရေးများကို ရရှိခံစားရာတွင် သူတစ်ပါး၏ အခွင့်အရေးများကို လေးစားတန်ဖိုးထားပြီး ထိခိုက်နစ်နာဆုံးရှုံးမှုမရှိရလေအောင် ကျင့်သုံးခြင်းမှာလည်း လူ့အခွင့်အရေး၏ အရေးပါသော အနှစ်သာရတစ်ရပ်ဖြစ်။**
- **မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးသဘောတူစာချုပ်များဖြစ်သော စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာနှင့် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်တို့တွင် စာချုပ်ဝင်နိုင်ငံအဖြစ် ပါဝင်ချုပ်ဆိုခဲ့ပြီး ယင်းစာချုပ်များနှင့် ဆက်စပ်သည့်နောက်ဆက်တွဲ သဘောတူစာချုပ်အချို့ကိုလည်း ပါဝင်ချုပ်ဆိုခဲ့။**

# ၂၀၂၁ ခုနှစ် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က Video Message ပေးပို့၍ မိန့်ခွန်းပြောကြား




၂၀၂၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာလ ၉ ရက်တွင် နေပြည်တော်ရှိ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံး၌ ကျင်းပခဲ့ပြီး အဆိုပါအခမ်းအနား၌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က Video Message ပေးပို့၍ မိန့်ခွန်း ပြောကြားရာတွင်-

- ကုလသမဂ္ဂအထွေထွေညီလာခံက ၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့ ဆုံးဖြတ်ချက်အမှတ် ၅၈ / ၄ ဖြင့် ဒီဇင်ဘာလ ၉ ရက်ကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့ပြီး အထိမ်းအမှတ် အခမ်းအနားများကို ကမ္ဘာတစ်ဝန်းကျင်းပပြုလုပ်လျက်ရှိရာ မြန်မာနိုင်ငံတွင်လည်း ၂၀၁၇ ခုနှစ်မှစတင်၍ ခမ်းနားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ကြောင်း။

- ကုလသမဂ္ဂကချမှတ်ထားသော ၂၀၃၀ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ(SDGs)၏ ပန်းတိုင်-၁၆ တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး၏ အရေးကြီးသောအခန်းကဏ္ဍအဖြစ် **“စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ငြိမ်းချမ်း၍ အားလုံးပါဝင်နိုင်သော အဖွဲ့အစည်းများ တိုးတက်စေရေး၊ အားလုံးအတွက် တရားမျှတမှုဖြစ်ပေါ်စေရေးနှင့် အဆင့်တိုင်း၌ထိရောက်၍ တာဝန်ခံမှု၊ တာဝန်ယူမှုရှိသော လူတိုင်းအကျုံးဝင်သည့်အဖွဲ့အစည်းများ ထူထောင်ရေး**”ကို ဖော်ပြထားကြောင်း။

- အစိုးရဌာန/ အဖွဲ့အစည်းများအနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်မှုကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီးဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံအတွင်း သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းပြီး တိုးတက်သာယာသည့် နိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဟု ယုံကြည်ကြောင်း။

- အဂတိလိုက်စားမှုပြဿနာများကို ဖြေရှင်းဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအပေါ် စိတ်ဆန္ဒပြင်းပြစွာ မူဝါဒချမှတ်ဆောင်ရွက်နိုင်ရန်လိုအပ်သကဲ့သို့ ဥပဒေမူဘောင် ခိုင်မာရေးသည်လည်း အရေးကြီးသဖြင့် မိမိတို့အစိုးရလက်ထက်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနည်းဥပဒေကို ပြဋ္ဌာန်းပေးနိုင်ခဲ့ပြီး အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းများကို အဂတိလိုက်စားမှုတိုက်ဖျက်ရေး

မဟာဗျူဟာစီမံချက် ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

- လူ့အဖွဲ့အစည်းအတွင်း အဂတိလိုက်စားမှုကို လက်မခံသော ဖြောင့်မတ်တည်ကြည်မှုရှိသည့် ယဉ်ကျေးမှုတစ်ရပ်ဖြစ်ထွန်းလာစေရန်အတွက် ပြည်သူလူထုတစ်ဦးချင်းစီက အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများတွင် ပါဝင်မှသာ မိမိလုပ်ငန်းခွင်၊ မိမိနေထိုင်ရာ လူမှုပတ်ဝန်းကျင်ကို ရိုးသားဖြောင့်မတ်မှုဖြင့် အဂတိကင်းစင်သော လူမှုအသိုက်အဝန်းတစ်ခု တည်ဆောက်နိုင်မှာဖြစ်ကြောင်း ပြောကြားခဲ့။

အခမ်းအနားတွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက တရားစီရင်ရေးမဏ္ဍိုင် ဖြောင့်မတ်မှန်ကန်ရေးနှင့်ပတ်သက်သည့်ကိစ္စရပ်များကို Video Conferencing ဖြင့် ပြောကြားပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးတင်ဦးက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားကာ ၂၀၂၁ ခုနှစ် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် Video Clip ကို ပြသ၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ပါသည်။

အခမ်းအနားသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက Video Conferencing ဖြင့် တက်ရောက်ခဲ့ကြသည်။

**(မြဝတီသတင်းစာ ၁၀-၁၂-၂၀၂၁)**

- **၂၀၂၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က Video Message ပေးပို့၍ မိန့်ခွန်းပြောကြားခဲ့။**
- **အစိုးရဌာန/ အဖွဲ့အစည်းများအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်မှုကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီးဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံအတွင်း သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ဖြစ်ထွန်းပြီး တိုးတက်သာယာသည့်နိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဟု ယုံကြည်ရ။**
- **မိမိတို့အစိုးရလက်ထက်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနည်းဥပဒေကို ပြဋ္ဌာန်းပေးနိုင်ခဲ့ပြီး အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းများကို အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက် ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ။**

# ပြည်တွင်းရေးစွက်ဖက်မှုများနှင့်သတင်းမှားအပေါ် အခြေခံသည့် ထုတ်ပြန်ချက်များအား ကန့်ကွက်

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်(သီးသန့်)တရားရုံး၌ ၆-၁၂-၂၀၂၁ ရက်တွင် ပြစ်ဒဏ်များချမှတ်ခဲ့သည့် ကိစ္စနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂမှ တာဝန်ရှိသူများ၏ သတင်းထုတ်ပြန်ချက်များသည် မြန်မာနိုင်ငံ၏ ပြည်တွင်းတရားစီရင်ရေးကိစ္စရပ်များကို စွက်ဖက်ရာရောက်ပြီး သတင်းမှားများကိုအခြေခံသည့် ထုတ်ပြန်ကြေညာချက်များအား နိုင်ငံခြားရေးဝန်ကြီးဌာနက ပြင်းထန်စွာကန့်ကွက်ကြောင်း သတင်းထုတ်ပြန်ခဲ့ပါသည်။

## သတင်းထုတ်ပြန်ချက်

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်(သီးသန့်)တရားရုံး၌ ၆-၁၂-၂၀၂၁ ရက်တွင် ပြစ်ဒဏ်များချမှတ်ခဲ့သည့် ကိစ္စနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီဥက္ကဋ္ဌ နိုင်ဂျာအမြဲတမ်းကိုယ်စားလှယ် Mr. Abdou Abarry က မြန်မာနိုင်ငံဆိုင်ရာ လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ချက်တစ်ရပ်ကိုလည်းကောင်း၊ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး Ms. Michelle Bachelet ၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Thomas Andrews နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ Mr. Stephane Dujarric တို့က သတင်းထုတ်ပြန်ချက်များကိုလည်းကောင်း အသီးသီးထုတ်ပြန်ခဲ့ကြောင်းတွေ့ရှိရသည်။

အထက်ပါကိစ္စနှင့်ပတ်သက်၍ အခြေအနေမှန်ကို နိုင်ငံပိုင်သတင်းစာများတွင် အချိန်နှင့်တစ်ပြေးညီ ရှင်းလင်းအသိပေးပြီးဖြစ်သည်။ တရားရုံးရှေ့မှောက်တွင် မည်သူမဆိုတန်းတူဖြစ်ပြီး တရားဥပဒေအထက်တွင် မည်သူမျှမရှိပါ။ ထို့အတူ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းတရားစီရင်ပိုင်ခွင့်ရှိသည့် တရားရုံး၏ ဆုံးဖြတ်ချက်များအပေါ် တစ်ဖက်သတ်ဝေဖန်သုံးသပ်နေခြင်းမှာ သင့်လျော်မှုမရှိပါ။ ယင်းကဲ့သို့ ဆောင်ရွက်ချက်များသည် မြန်မာနိုင်ငံ၏တရားစီရင်ရေးနှင့် ပြည်တွင်းရေးကို စွက်ဖက်ရာရောက်သည်။ အလားတူ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၌ ၅-၁၂-၂၀၂၁ ရက်တွင် ဖြစ်ပွားခဲ့သည့် ကိစ္စနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူနှင့် ကုလသမဂ္ဂယာယီဌာနေကိုယ်စားလှယ် Mr. Ramanathan Balakrishnan တို့က အသီးသီးသတင်းထုတ်ပြန်ခဲ့ကြောင်း တွေ့ရှိရသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ၇-၁၂-၂၀၂၁ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများ၌ အတိအလင်းထုတ်ပြန်ထားပြီးဖြစ်သည်။ ကုလသမဂ္ဂဖက်မှ ထုတ်ပြန်သည့်သတင်းကြေညာချက်များသည် ဖြစ်စဉ်အမှန်ကို ထင်ဟပ်ခြင်းမရှိဘဲ တိကျသေချာစွာ စိစစ်ထားခြင်းမရှိသော အွန်လိုင်းပေါ်တွင် ပျံ့နှံ့နေသည့်သတင်းမှားများနှင့် မမှန်မကန်စွပ်စွဲချက်များကို ရည်ရွယ်ချက်ရှိရှိဖြင့် ကိုးကားထားကြောင်း တွေ့ရှိရသည်။ အလားတူပင် မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံရုံးအချို့ကလည်း တစ်ဖက်သတ်ကြေညာချက်များထုတ်ပြန်ခဲ့ကြောင်း တွေ့ရှိရသည်။

ယင်းကဲ့သို့ မြန်မာနိုင်ငံ၏ ပြည်တွင်းတရားစီရင်ရေးကိစ္စရပ်များကို စွက်ဖက်ပြီး သတင်းမှားများကိုအခြေခံသည့် ထုတ်ပြန်ကြေညာချက်များကို နိုင်ငံခြားရေးဝန်ကြီးဌာနက ပြင်းထန်စွာကန့်ကွက်သည်။

ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများအနေဖြင့် အတည်မပြုရသေးသောသတင်းများအပေါ် တစ်ဖက်သတ်စွပ်စွဲချက်များ ဆက်လက်မပြုလုပ်ကြရန်၊ ကုလသမဂ္ဂ၏စံနှုန်းများနှင့် ဗီယင်နာကွန်ဗင်းရှင်းပါပြဋ္ဌာန်းချက်များကို လေးစားလိုက်နာကြရန် တိုက်တွန်းဖော်ပြအပ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**နေပြည်တော်**

**ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်**

**(မြဝတီသတင်းစာ ၁၀-၁၂-၂၀၂၁)**

- **နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်(သီးသန့်)တရားရုံး၌ ၆-၁၂-၂၀၂၁ ရက်တွင် ပြစ်ဒဏ်များချမှတ်ခဲ့သည့်ကိစ္စနှင့်စပ်လျဉ်း၍ အခြေအနေမှန်ကို နိုင်ငံပိုင်သတင်းစာများတွင် အချိန်နှင့်တစ်ပြေးညီ ရှင်းလင်းအသိပေးပြီးဖြစ်သည်။ တရားရုံးရှေ့မှောက်တွင် မည်သူမဆိုတန်းတူဖြစ်ပြီး တရားဥပဒေအထက်တွင် မည်သူမျှ မရှိပါ။ ထို့အတူ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းတရားစီရင်ပိုင်ခွင့်ရှိသည့် တရားရုံး၏ ဆုံးဖြတ်ချက်များအပေါ် တစ်ဖက်သတ်ဝေဖန်သုံးသပ်နေခြင်းမှာ သင့်လျော်မှုမရှိပါ။ ယင်းကဲ့သို့ ဆောင်ရွက်ချက်များသည် မြန်မာနိုင်ငံ၏တရားစီရင်ရေးနှင့် ပြည်တွင်းရေးကို စွက်ဖက်ရာရောက်ကြောင်း။**

- **မြန်မာနိုင်ငံ၏ ပြည်တွင်းတရားစီရင်ရေးကိစ္စရပ်များကို စွက်ဖက်ရာရောက်ပြီး သတင်းမှားများကို အခြေခံသည့် ထုတ်ပြန်ကြေညာချက်များအား နိုင်ငံခြားရေးဝန်ကြီးဌာနက ပြင်းထန်စွာကန့်ကွက်ခဲ့။**

- **ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများအနေဖြင့် အတည်မပြုရသေးသောသတင်းများအပေါ် တစ်ဖက်သတ်စွပ်စွဲချက်များ ဆက်လက်မပြုလုပ်ကြရန်၊ ကုလသမဂ္ဂ၏စံနှုန်းများနှင့် ဗီယင်နာကွန်ဗင်းရှင်းပါပြဋ္ဌာန်းချက်များကို လေးစားလိုက်နာကြရန် တိုက်တွန်းခဲ့။**

---

## ဆိုရှယ်မီဒီယာများပေါ်တွင်ထွက်ပေါ်နေသည့် သတင်းတု၊ သတင်းမှားများနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်


ပြည်တွင်း/ပြည်ပပြည်ဖျက်မီဒီယာများ၊ မြန်မာနိုင်ငံအား ပြိုကွဲစေလိုသော နိုင်ငံတစ်ချို့ပူးပေါင်းကာ တည်ငြိမ်အေးချမ်းစွာနေထိုင်လိုသော ပြည်သူလူထုနှင့် တပ်မတော် ကိုသွေးခွဲရန်၊ အမုန်းတရားများပြန့်ပွားစေရန်၊ ပဋိပက္ခများပိုမိုကြီးထွားစေရန် ဆိုရှယ်မီဒီယာပေါ်တွင် သတင်းတု၊ သတင်းမှား၊ လုပ်ကြံဝါဒဖြန့်ချက်များနှင့် ပတ်သက်၍ မယုံကြည်ကြရန်၊ အကြမ်းဖက်သမားများ အမြန်ဆုံးဖမ်းဆီးရမိရေးနှင့် ပြည်သူလူထုမှ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်ဆက်လက်ပူးပေါင်း၍ ဆောင်ရွက်ကြရန် သတင်းထုတ်ပြန်ထားရှိပါသည်။

### သတင်းထုတ်ပြန်ချက်

ယခုလက်ရှိမြန်မာနိုင်ငံရေးအခြေအနေကို အခွင့်ကောင်းယူ၍ ပြည်တွင်း/ ပြည်ပ ပြည်ဖျက်မီဒီယာများ၊ မြန်မာနိုင်ငံအား ပြိုကွဲစေလိုသော နိုင်ငံတစ်ချို့ ပူးပေါင်းကာ တည်ငြိမ်အေးချမ်းစွာနေထိုင်လိုသော ပြည်သူလူထုနှင့်တပ်မတော်ကို သွေးခွဲရန်၊ အမုန်းတရားများပြန့်ပွားစေရန်၊ ပဋိပက္ခများပိုမိုကြီးထွားစေရန် နည်းလမ်းအမျိုးမျိုးဖြင့် သွေးထိုးလှုံ့ဆော်လျက်ရှိကြပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အကြမ်းဖက်သမားများနှင့် အကြမ်းဖက်မှုအားပေးသူများ စိတ်ဓာတ်တက်ကြွစေရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်ကျဆုံးမှုသတင်းအမှားများဖော်ပြခြင်း၊ တပ်မတော်မှအပြစ်မဲ့ ပြည်သူများအား အနိုင်ကျင့်သတ်ဖြတ်နေသည့်အသွင်ဖြင့် လုပ်ကြံဖန်တီးထားသည့် သတင်းတုထုတ်လွှင့်ခြင်းများ မကြာခဏဆောင်ရွက်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပုံရိပ်ပျက်ပြားစေရန်နှင့် ပြည်သူများအထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်များမှတဆင့် လုပ်ကြံဖန်တီးဖော်ပြလျက်ရှိကြပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် သာမန်ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ ဆိုရှယ်မီဒီယာများကိုအသုံးပြု၍ ငွေအား၊ နည်းပညာအားဖြင့် ပြည်တွင်း/ပြည်ပဟန်ချက်ညီ ဆောင်ရွက်နေကြခြင်းဖြစ်ပါသည်။




ဥပမာအားဖြင့် မကြာသေးမီက ဖြစ်ပွားခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆူပူဆန္ဒပြမှုနှင့်ပတ်သက်၍ ဆူပူဆန္ဒပြသူ ၃ ဦးဒဏ်ရာရရှိခဲ့ခြင်းကို ပြည်တွင်း/ ပြည်ပပြည်ဖျက်မီဒီယာများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် သံရုံးတစ်ချို့မှ ပြည်သူလူထု၏ သနားကြင်နာတတ်သော စိတ်အခံကိုအသုံးချကာ လူ ၅ ဦး သေဆုံး၍ အများအပြားဒဏ်ရာရကြောင်း မဟုတ်မမှန်ဝါဒဖြန့်ချိမှုများ ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့မဟုတ်မမှန်ဝါဒဖြန့်ချိသတင်းအမှားများကို တစ်ချို့သံတမန်များ၊ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် သက်ဆိုင်ရာသို့ အတည်ပြုချက်ရယူခြင်းမပြုဘဲ သတင်းထုတ်ပြန်ချက်များထုတ်ပြန်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန် ထပ်ဆင့်လုပ်ဆောင်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။




အဆိုပါဆူပူဆန္ဒပြမှုဖြစ်စဉ်အမှန်သည် သာမန်ဆန္ဒပြခြင်းမျိုးမဟုတ်ဘဲ အကြမ်းဖက်သမားများပါဝင်နေပြီး၊ အကြမ်းဖက်မှုသို့ ကူးပြောင်းမည်ဖြစ်ကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်မှုနှိမ်နင်းရေးလုပ်ထုံးလုပ်နည်း(Counter–terrorism Standard Operating Procedure)များနှင့်အညီ ကိုင်တွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ထိုသို့သော ဆူပူဆန္ဒပြမှုများတွင် အကြမ်းဖက်သမားများက လူငယ်လူရွယ်တစ်ချို့ကို လူသားတံတိုင်း




(Human Shield)အဖြစ် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အသုံးချနေကြသည်ကိုလည်း တွေ့ရှိရပါသည်။




ဒုတိယသတင်းမှားတစ်ခုအနေဖြင့် ခေတ်သစ်ပြည်ဖျက်မီဒီယာတွင် လူများအစုလိုက်အပြုံလိုက် မီးရှို့သတ်ဖြတ်ခံထားရသည့် ရုပ်သံဖိုင်တစ်ခုကို ထုတ်လွှင့်ကာ တပ်မတော်မှပြုလုပ်လေဟန် သတင်းမှားဖြန့်ချိလျက်ရှိပါသည်။ အဆိုပါရုပ်သံဖိုင်သည် ဆိုရှယ်မီဒီယာများပေါ်တွင် တမုဟုတ်ခြင်း ပျံ့နှံ့သွားပြီး ပြည်တွင်း/ပြည်ပ ချိတ်ဆက်ဆောင်ရွက်နေကြကြောင်း ထင်ရှားစွာတွေ့မြင်နေရပါသည်။ မြေပြင်သတင်းစုံစမ်းချက်အရ ထိုရုပ်သံဖိုင်တွင်ဖော်ပြထားသည့် အကြောင်းကိစ္စနှင့်ပတ်သက်၍

တပ်မတော်နှင့်(လုံးဝ)သက်ဆိုင်ခြင်းမရှိဘဲ တပ်မတော်၏ပုံရိပ်ကျဆင်းစေရန် လုပ်ကြံဝါဒဖြန့်ချိထားခြင်းသာဖြစ်ကြောင်း စိစစ်တွေ့ရှိရပြီး သက်ဆိုင်ရာမှ အဖြစ်မှန်ပေါ်ပေါက်စေရန်အတွက် စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိပါသည်။




သို့ဖြစ်ပါ၍ ငြိမ်းချမ်းစွာနေထိုင်လျက်ရှိသည့် ပြည်သူလူထုအနေဖြင့် ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက်သမားများ၏ ဝါဒဖြန့်ချိချက်များကို သတိပြုနိုင်ကြပါရန်နှင့် အကြမ်းဖက်သမားများနှင့် ပတ်သက်ဆက်နွှယ်နေသော ဆူပူအကြမ်းဖက်ဆန္ဒပြမှုဖြစ်စဉ်များတွင် လူသားတံတိုင်းအဖြစ် အသုံးချမခံရစေရေး၊ အကြမ်းဖက်သမားများအား အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်လက်တွဲကာ ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ကြပါရန် မေတ္တာရပ်ခံသတင်းထုတ်ပြန်အပ်ပါသည်။

**(မြဝတီသတင်းစာ ၁၀-၁၂-၂၀၂၁)**

- **ပြည်တွင်း/ပြည်ပပြည်ဖျက်မီဒီယာများ၊ မြန်မာနိုင်ငံအား ပြိုကွဲစေလိုသော နိုင်ငံတစ်ချို့ပူးပေါင်းကာ တည်ငြိမ်အေးချမ်းစွာနေထိုင်လိုသော ပြည်သူလူထုနှင့် တပ်မတော်ကိုသွေးခွဲရန်၊ အမုန်းတရားများပြန့်ပွားစေရန်၊ ပဋိပက္ခများပိုမိုကြီးထွားစေရန် နည်းလမ်းအမျိုးမျိုးဖြင့် သွေးထိုးလှုံ့ဆော်လျက်ရှိ။**
- **အကြမ်းဖက်သမားများနှင့် အကြမ်းဖက်မှုအားပေးသူများ စိတ်ဓာတ်တက်ကြွစေရန်အတွက် လုံခြုံရေးတပ်ဖွဲ့ ဝင်များ ထိခိုက်ကျဆုံးမှု သတင်းအမှားများဖော်ပြခြင်း၊ တပ်မတော်မှ အပြစ်မဲ့ပြည်သူများအား အနိုင်ကျင့်သတ်ဖြတ်နေသည့်အသွင်ဖြင့် လုပ်ကြံဖန်တီးထားသည့် သတင်းတုထုတ်လွှင့်ခြင်းများ မကြာခဏဆောင်ရွက်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပုံရိပ်ပျက်ပြားစေရန်နှင့် ပြည်သူများအထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်များမှတဆင့် လုပ်ကြံဖန်တီးဖော်ပြလျက်ရှိ။**
- **ကြည့်မြင်တိုင်မြို့နယ်၊ ဆူပူဆန္ဒပြမှုနှင့်ပတ်သက်၍ ဆူပူဆန္ဒပြသူ ၃ ဦးဒဏ်ရာရရှိခဲ့ခြင်းကို ပြည်တွင်း/ ပြည်ပပြည်ဖျက်မီဒီယာများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် သံရုံးတစ်ချို့မှ ပြည်သူလူထု၏ သနားကြင်နာတတ်သော စိတ်အခံကို အသုံးချကာ လူ ၅ ဦး သေဆုံး၍ အများအပြားဒဏ်ရာရကြောင်း မဟုတ်မမှန်ဝါဒဖြန့်ချိမှုများ ဆောင်ရွက်ခဲ့။**

- **ခေတ်သစ်ပြည်ဖျက်မီဒီယာတွင် လူများအစုလိုက်အပြုံလိုက် မီးရှို့သတ်ဖြတ်ခံထားရသည့် ရုပ်သံဖိုင်တစ်ခုကို ထုတ်လွှင့်ကာ တပ်မတော်မှပြုလုပ်လေဟန် သတင်းမှားဖြန့်ချိလျက်ရှိပြီး မြေပြင်သတင်းစုံစမ်းချက်အရ ထိုရုပ်သံဖိုင်တွင် ဖော်ပြထားသည့် အကြောင်းကိစ္စနှင့်ပတ်သက်၍ တပ်မတော်နှင့် (လုံး၀)သက်ဆိုင်ခြင်း မရှိဘဲ တပ်မတော်၏ပုံရိပ်ကျဆင်းစေရန် လုပ်ကြံ၀ါဒဖြန့်ချိထားခြင်းသာဖြစ်ကြောင်း စိစစ်တွေ့ရှိရပြီး သက်ဆိုင်ရာမှ အဖြစ်မှန်ပေါ်ပေါက်စေရန်အတွက် စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိ။**

---

## အကြမ်းဖက်သမားများက ဆရာ၊ ဆရာမများအား လက်နက်ငယ်များဖြင့် အကြောင်းမဲ့လုပ်ကြံပစ်ခတ်တိုက်ခိုက်

အကြမ်းဖက်သမားများအနေဖြင့် ကျောင်းသူ၊ ကျောင်းသားများစာပေသင်ကြားခွင့်မရရှိစေရေးအတွက် ပညာရေးဝန်ထမ်းများအား ပစ်မှတ်ထား၍ အကြမ်းဖက်တိုက်ခိုက်မှုများ၊ အနီးကပ်လုပ်ကြံပစ်ခတ်သတ်ဖြတ်မှုများပြုလုပ်ခြင်း၊ စာသင်ကျောင်းများအား မိုင်းထောင်ဖောက်ခွဲခြင်း၊ မီးရှို့ဖျက်ဆီးခြင်း၊ လူအင်အားဖြင့်စီးနင်း၍ ကျောင်းဆောင်များနှင့် ပရိဘောဂပစ္စည်းများအားဖျက်ဆီးခြင်း၊ ကျောင်းသူ၊ ကျောင်းသားများ အေးချမ်းစွာ စာပေသင်ကြားနိုင်ရေးအတွက် အနီးကပ်လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုက်ခိုက်ခြင်းများပြုလုပ်လျက်ရှိပါသည်။

ထိုသို့ အကြမ်းဖက်အဖျက်အမှောင့်နှင့် လုပ်ကြံသတ်ဖြတ်မှုများအား အဓိပ္ပါယ်မဲ့ကျူးလွန်လျက်ရှိရာ -

- ဒီဇင်ဘာလ ၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ် (၂)အခြေခံပညာ မူလတန်းကျောင်းမှ ကျောင်းဆရာမဖြစ်သူ ဒေါ်ဖွန်ထက်ထက်ဝင်း(၂၉)နှစ်သည် ကျောင်းမှစက်ဘီးဖြင့် ၎င်း၏နေအိမ်သို့ပြန်လာစဉ် နေအိမ်ရှေ့အရောက်၌ အနောက်မှ ဆိုင်ကယ်စီးနင်းလာသည့် အကြမ်းဖက်သူ အမျိုးသား ၂ ဦးက သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးသွားခဲ့။
- ပစ်ခတ်မှုကြောင့် ဒေါ်ဖွန်ထက်ထက်ဝင်း၏ ယာလက်မောင်းတွင် ကျည်ထိမှန်ဒဏ်ရာ ၁ ချက်၊ ဝဲလက်မောင်းတွင် ကျည်ဖောက်ဝင်ဒဏ်ရာ ၁ ချက်နှင့် ဝဲလက်ပြင်တွင် ကျည်ထိမှန်ဒဏ်ရာ ၁ ချက်တို့ရရှိခဲ့သဖြင့် ဆေးဝါးကုသခံယူနိုင်ရေးအတွက် တပ်မတော်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့။
- ဒီဇင်ဘာလ ၉ ရက်တွင် တွံတေးမြို့နယ်၊ မင်းပိုင်းရပ်ကွက်၊ ဘုရင့်နောင်လမ်းနေ ဦးလှဝေ(၄၉)နှစ်နှင့် ဇနီးဖြစ်သူ အထက်တန်းပြကျောင်းဆရာမ ဒေါ်စုစုအောင်(၄၇)နှစ်တို့ လဘက်ရည်ဆိုင်အတွင်းရှိနေစဉ် စမ်းရွာကျေးရွာနေ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့ဝင် သိန်းထိုက်(၃၃)နှစ်သည် KENBO 125 ဆိုင်ကယ်ဖြင့် ရောက်ရှိလာပြီး ဦးလှဝေနှင့် ဒေါ်စုစုအောင်တို့အား သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ ဒေါ်စုစုအောင်မှ သိန်းထိုက်အား လုံးထွေးသတ်ပုတ်ပြီး ပြန်လည်ခုခံခဲ့သဖြင့် သိန်းထိုက်မှာ ကိုယ်လွတ်ရုန်းထွက်ပြေးသွားခဲ့။
- ပစ်ခတ်မှုကြောင့် ဦးလှဝေတွင် မေးစေ့အောက်၊ ဝဲဘက်ရင်အုံနှင့် ဝဲဘက်ဝမ်းဗိုက်ကျည်ဖောက်ဝင်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌သေဆုံးခဲ့ပြီး ဒေါ်စုစုအောင်၏ကျောကုန်း၌ ကျည်ရှပ်ထိဒဏ်ရာတို့ရရှိခဲ့။
- အခင်းဖြစ်နေရာမှ သိန်းထိုက်စီးနင်းလာသည့် KENBO 125 ဆိုင်ကယ် ၁ စီး၊ SIG SAUER P226 စာတမ်းပါပစ္စတိုသေနတ် ၁ လက်၊ A USA LUGER 9MM ကျည် ၃ တောင့်နှင့် ကျည်ခွံ ၅ ခု တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့။

PDF အမည်ခံအကြမ်းဖက်အဖွဲ့သည် CDM မပြုလုပ်ဘဲ ကျောင်းသူ/သားများကို ပညာသင်ကြားပေးနေသည့် တာဝန်သိနိုင်ငံ့ဝန်ထမ်း ဆရာ/ဆရာမများကို ရက်စက်စွာ လုပ်ကြံသတ်ဖြတ်လျက်ရှိပါသည်။ ဆရာဆိုသည်မှာ မည်သည့်နိုင်ငံ၊ ဘာသာ၊ အယူအဆတွင်မဆို မိမိတို့တပည့်များ ပညာတတ်မြောက်ရေးအတွက် စေတနာ၊ ဝါသနာအရင်းခံ၍ မေတ္တာထားပညာသင်ကြားနေသူများဖြစ်ပါသည်။ ယခုဖြစ်စဉ်ကဲ့သို့ ရန်ငြိုးရန်စမရှိဘဲ ဆရာမများအား လုပ်ကြံသတ်ဖြတ်ခြင်းသည် နိုင်ငံတကာက လက်မခံနိုင်သည့် အကြောင်းမဲ့အကြမ်းဖက်သတ်ဖြတ်ခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတကာအနေဖြင့် NUG/ PDF

အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များအား ဝိုင်းဝန်းတားဆီးရှုတ်ချပေးရန် ပြည်သူများကလိုလားလျက်ရှိပါသည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်လုပ်ဆောင်ခဲ့သူများဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး မိဘပြည်သူများအနေဖြင့်လည်း သားသမီးများ၏ ပညာသင်ကြားမှုအခွင့်အရေးအပေါ် တားဆီးနှောက်ယှက်လျက်ရှိသည့်အကြမ်းဖက်သမားများ၏သတင်းအား သိရှိရပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံ လျှို့ဝှက်စွာဖြင့် သတင်းပေးပို့နိုင်ပါရန် အသိပေးသတင်းထုတ်ပြန်ထားရှိပါသည်။

**(မြဝတီသတင်းစာ ၁၀-၁၂-၂၀၂၁)**



**မဖွန်ထက်ထက်ဝင်း(ဒဏ်ရာရ)**

- **ဒီဇင်ဘာလ ၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၂)အခြေခံပညာ မူလတန်းကျောင်းမှ မူလတန်းကျောင်းဆရာမဖြစ်သူ ဒေါ်ဖွန်ထက်ထက်ဝင်းနှင့် တွံတေးမြို့နယ်၊ မင်းပိုင်းရပ်ကွက်၊ ဘုရင့်နောင်လမ်းနေ ဦးလှဝေနှင့် ဇနီးဖြစ်သူ အထက်တန်းပြကျောင်းဆရာမ ဒေါ်စုစုအောင်တို့အား အကြမ်းဖက်သမားများက အကြောင်းမဲ့သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ် ၂ ခု ဖြစ်ပွားခဲ့။**
- **ရန်ငြိုးရန်စမရှိဘဲ ဆရာမများအား လုပ်ကြံသတ်ဖြတ်ခြင်းသည် နိုင်ငံတကာက လက်မခံနိုင်သည့် အကြောင်းမဲ့အကြမ်းဖက်သတ်ဖြတ်ခြင်းဖြစ်။**
- **အကြမ်းဖက်လုပ်ဆောင်ခဲ့သူများ ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိ။**
- **မိဘပြည်သူများအနေဖြင့်လည်း သားသမီးများ၏ ပညာသင်ကြားမှုအခွင့်အရေးအပေါ် တားဆီးနှောက်ယှက်လျက်ရှိသည့် အကြမ်းဖက်သမားများ၏သတင်းအား သိရှိရပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံ လျှို့ဝှက်စွာဖြင့် သတင်းပေးပို့နိုင်ပါရန် အသိပေးသတင်းထုတ်ပြန်ထားရှိ။**

# နိုင်ငံ့တာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းကောင်းမိသားစုအား အကြမ်းဖက်အဖွဲ့များက ရက်စက်စွာသတ်ဖြတ်

စစ်ကိုင်းတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ မြို့စိုး(တောင်) ကျေးရွာ၌ အခြေခံပညာအလယ်တန်းကျောင်းခွဲ(ဘောတုံ) ကျောင်းအုပ်တာဝန်ထမ်းဆောင်သူ ဦးမင်းဇော်(၅၂ နှစ်)၊ ဇနီးဖြစ်သူ မြို့စိုးကျေးရွာအုပ်စုစာရေး ဒေါ်အေးအေးပြုံး(၅၄နှစ်) နှင့် သမီးဖြစ်သူ အခြေခံပညာမူလတန်းကျောင်း(မကျီးကုန်း) တွင် မူလတန်းပြတာဝန်ထမ်းဆောင်သူ ဒေါ်အေးသူဇာ(၂၇ နှစ်) တို့အား အကြမ်းဖက်အဖွဲ့များက ပဆစ်တုတ်အနေအထားဖြင့် ရက်စက်စွာသတ်ဖြတ်ခဲ့ရာ လည်ဂုတ်များ၌ ပြတ်ရှဒဏ်ရာများရရှိပြီး သေဆုံးခဲ့ပါသည်။

ဖြစ်စဉ်မှာ မိသားစုဝင် ၃ ဦးသည် နေအိမ်၌ အိပ်ပျော်နေစဉ် အကြမ်းဖက်သူ ၃၀ ဦးခန့်က သေနတ်နှင့် ဓားများကိုင်ဆောင်၍ ရောက်ရှိလာခဲ့ပြီး CDM ပြုလုပ်ခြင်းမရှိသဖြင့် ဒလန်ဟုစွပ်စွဲကာ နေအိမ်ရှေ့၌ ဒူးထောက်ထိုင်ခိုင်း၍ ဓားဖြင့်ခုတ်သတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဖခင်၊ သမီးတို့မှာ ပညာရေးဝန်ထမ်းနှင့် မိခင်ဖြစ်သူမှာ ကျေးရွာအုပ်စုစာရေးများဖြစ်ကာ CDM မပါခြင်းကြောင့် “ငါနှင့်မတူ ငါရန်သူ”ဟု သတ်မှတ်၍ လူမဆန်စွာ ဒူးထောက်လျက် ရက်ရက်စက်စက်လည်ပင်းအား ဓားဖြင့် မသေမချင်းခုတ်ထစ်သတ်ဖြတ်ခဲ့ကြောင်း သိရှိရပါသည်။

ထိုသို့ နိုင်ငံ့ဝန်ထမ်းကောင်း မိသားစုအပေါ် လူမဆန်စွာ သတ်ဖြတ်ခဲ့ခြင်းအပေါ် ဆွေမျိုးအသိုင်းအဝိုင်းကလည်း “ကမ္ဘာကြေသော်လည်း ဥဒါန်းမကျေ” ကြောင်း ကြွေးကြော်လျက် လူသားစိတ်ကင်းမဲ့ပြီး ရက်စက်စွာသတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများအား မြေလှန်ရှာဖွေကာ ဖမ်းဆီးဖော်ထုတ်နိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း၊ လူမဆန်သည့်အကြမ်းဖက်သမားများ၏ သတင်းရရှိပါကလည်း တိုင်တန်းသတင်းပေးပို့ရေး ဆွေမျိုးအသိုင်းအဝိုင်းများက ပတ်ဝန်းကျင်ရှိကျေးရွာများသို့ အကူအညီတောင်းခံထားကြောင်း သိရှိရပါသည်။

နိုင်ငံ့ဝန်ထမ်းကောင်း မိသားစုများအား ယခုကဲ့သို့ ရက်စက်စွာသတ်ဖြတ်ခဲ့ကြသည့် အကြမ်းဖက်အဖွဲ့များကို အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့စစ်ဆေးရှာဖွေလျက်ရှိကြောင်း၊ အကြမ်းဖက်သမားများ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာမှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးပို့တိုင်ကြားနိုင်ပါကြောင်းနှင့် မြို့၊ ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် အသိပေးသတင်းထုတ်ပြန်ထားပါသည်။

**(မြဝတီသတင်းစာ ၁၀-၁၂-၂၀၂၁)**



**မြိုင်မြို့နယ်၊ မြို့စိုး(တ)ကျေးရွာ၌ အကြမ်းဖက်အဖွဲ့မှ ရက်စက်စွာ သတ်ဖြတ်ခံခဲ့ရသည့် နိုင်ငံ့ဝန်ထမ်းကောင်းမိသားစုဝင် ၃ ဦး**

- မြိုင်မြို့နယ်တွင် ကျောင်းအုပ်တာဝန်ထမ်းဆောင်သူ ဦးမင်းဇော်အပါအဝင် မိသားစုဝင် ၃ ဦးတို့သည် နေအိမ်၌ အိပ်ပျော်နေစဉ် အကြမ်းဖက်သူ ၃၀ ဦးခန့်က သေနတ်နှင့်ဓားများကိုင်ဆောင်၍ ရောက်ရှိလာခဲ့ပြီး CDM ပြုလုပ်ခြင်း မရှိသဖြင့် ဒလန်ဟုစွပ်စွဲကာ နေအိမ်ရှေ့၌ ဒူးထောက်ထိုင်ခိုင်း၍ ဓားဖြင့်ခုတ်သတ်ခဲ့၊ ဖခင်၊ သမီးတို့မှာ ပညာရေး ဝန်ထမ်းနှင့် မိခင်ဖြစ်သူမှာ ကျေးရွာအုပ်စုစာရေးများဖြစ်ကာ CDM မပါခြင်းကြောင့် "ငါနှင့်မတူ ငါ့ရန်သူ"ဟု သတ်မှတ်၍ လူမဆန်စွာဒူးထောက်လျက် ရက်ရက်စက်စက်လည်ပင်းအား ဓားဖြင့်မသေမချင်း ခုတ်ထစ်သတ် ဖြတ်ခဲ့။
- နိုင်ငံ့ဝန်ထမ်းကောင်းမိသားစုအပေါ် လူမဆန်စွာသတ်ဖြတ်ခဲ့ခြင်းအပေါ် ဆွေမျိုးအသိုင်းအဝိုင်းကလည်း "ကမ္ဘာ ကြေသော်လည်း ဥဒါန်းမကျေ" ကြောင်း ကြွေးကြော်လျက် လူသားစိတ်ကင်းမဲ့ပြီး ရက်စက်စွာသတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများအား မြေလှန်ရှာဖွေကာ ဖမ်းဆီးဖော်ထုတ်နိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း၊ လူမဆန်သည့် အကြမ်းဖက်သမားများ၏ သတင်းရရှိပါကလည်း တိုင်တန်းသတင်းပေးပို့ရေး ဆွေမျိုးအသိုင်းအဝိုင်းများက ပတ်ဝန်း ကျင်ရှိကျေးရွာများသို့ အကူအညီတောင်းခံထား။

## မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၌ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များက လမ်းပန်းဆက်သွယ်မှုပြတ်တောက်စေရန်ရည်ရွယ်၍ ရထားသံလမ်းအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီး



၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ ထန်းပင်ကုန်းကျေးရွာအနီးရှိ ရန်ကုန်-မန္တလေးမီးရထားလမ်း တံတားအမှတ်(၆၉၁)အနီး သပြေတောင်းဘူတာနှင့် စမုံဘူတာကြား၌ ရထားလမ်းအား အကြမ်းဖက်လက်နက်ကိုင်အဖွဲ့(စိစစ်ဆဲ)က လမ်းပန်းဆက်သွယ်မှုပြတ်တောက်စေရန်ရည်ရွယ်၍ ရထားသံလမ်းအား မိုင်းထောင်၍ ဖောက်ခွဲဖျက်ဆီးခဲ့ပါသည်။

သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မိုင်းပေါက်ကွဲမှုကြောင့် အဆိုပါရထားသံလမ်း ၂ ပေခန့် ပျက်စီးခဲ့ကာ ရထားသွားလာမှုပြတ်တောက်လျက်ရှိပြီး

သက်ဆိုင်ရာတာဝန်ရှိသူများက အမြန်ပြန်လည်ပြုပြင်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

NUG/PDF အကြမ်းဖက်အဖွဲ့ဝင်များနှင့် ၎င်းတို့၏ လက်အောက်ခံ အကြမ်းဖက်အဖွဲ့များသည် အများပြည်သူများ၏ နေ့စဉ်ဘဝတွင်အရေးပါသည့် ပို့ဆောင်ဆက်သွယ်ရေးယာဉ်များနှင့် လမ်းကြောင်းများကို ပစ်မှတ်ထားအကြမ်းဖက်တိုက်ခိုက်လျက်ရှိပါသည်။ အဆိုပါအကြမ်းဖက်လုပ်ရပ်များကြောင့် အပြစ်မဲ့သာမန်ပြည်သူများ၏ လုပ်ငန်းဆောင်တာများနှောင့်နှေးခဲ့ရပြီး လူမှုအကျိုးစီးပွားများ ထိခိုက်နစ်နာခဲ့ရပါသည်။ သို့ဖြစ်ပါ၍ တည်ငြိမ်အေးချမ်းစွာလုပ်ကိုင်စားသောက်လိုသည့် ပြည်သူများက NUG/PDF အကြမ်းဖက်အဖွဲ့များ၏ စဉ်းစားဆင်ခြင်မှုကင်းမဲ့စွာ ပြုလုပ်နေသည့် အကြမ်းဖက်လုပ်ရပ်များ အားစက်ဆုပ်ရွံ့ရှာမုန်းတီး၍ ၎င်းအကြမ်းဖက်သမားများအား အမြန်ဆုံးဖမ်းဆီးရမိရေးနှင့် ပြင်းထန်သည့်ပြစ်ဒဏ်များဖြင့် ထိရောက်စွာအရေးယူပေးရန် လိုလားလျက်ရှိပါသည်။

အထက်ပါဖြစ်စဉ်မှ လမ်းပန်းဆက်သွယ်မှုပြတ်တောက်စေရန်ရည်ရွယ်၍ ရထားသံလမ်းအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၁၀-၁၂-၂၀၂၁)**

- **အကြမ်းဖက်အဖွဲ့ဝင်များသည် ရန်ကုန်-မန္တလေးမီးရထားလမ်း တံတားအမှတ်(၆၉၁)အနီး သပြေတောင်းဘူတာနှင့် စမုံဘူတာကြား၌ ရထားလမ်းအား အကြမ်းဖက်လက်နက်ကိုင်အဖွဲ့(စိစစ်ဆဲ)က လမ်းပန်းဆက်သွယ်မှု ပြတ်တောက်စေရန်ရည်ရွယ်၍ ရထားသံလမ်းအား မိုင်းထောင်၍ ဖောက်ခွဲဖျက်ဆီးခဲ့။**

---

## ထန်တလန်မြို့၊ အမှတ်(၂)ရပ်ကွက်အတွင်းရှိ နေအိမ်များအား PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့မှုများထပ်မံလုပ်ဆောင်

ချင်းပြည်နယ်၊ ထန်တလန်မြို့၊ မြို့မရဲစခန်းအနီးသို့ ဒီဇင်ဘာလ ၈ ရက်တွင် အကြမ်းဖက်သမားအင်အား ၃၀ ဦးခန့်က အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ရန် ချဉ်းကပ်လာရာမှ အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများသည် အရှေ့ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။ ဆုတ်ခွာထွက်ပြေးသွားသည့် အကြမ်းဖက်သမားများသည် အမှတ်(၂)ရပ်ကွက်အတွင်းရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးမှုများပြုလုပ်ခဲ့ခြင်းကြောင့် ရပ်ကွက်အတွင်း မီးလောင်ကျွမ်းမှုများဖြစ်ပွားခဲ့ပါသည်။

မီးလောင်ကျွမ်းမှုဖြစ်ပွားရာနေရာများသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ပျဉ်ခင်း၊ သွပ်ကာ၊ သွပ်မိုး ၁ ထပ်နေအိမ် ၈ လုံး၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး ၁ ထပ်နေအိမ် ၂ လုံးနှင့် ပျဉ်ခင်း၊ သွပ်ကာ၊ သွပ်မိုး ၂ ထပ်နေအိမ် ၃ လုံး စုစုပေါင်း နေအိမ် ၁၃ လုံး (ခန့်မှန်းတန်ဖိုး ငွေကျပ်သိန်း ၂၀၀ ခန့်) မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

NUG အကြမ်းဖက်သမားများ၏ စေခိုင်းချက်အရ PDF အမည်ခံ အကြမ်းဖက်သမားများသည် ချင်းပြည်နယ်၊ ထန်တလန်မြို့တွင် အစိုးရအုပ်ချုပ်မှုယန္တရားရပ်ဆိုင်းနေပြီး ထန်တလန်မြို့တွင် တိုက်ပွဲများဖြစ်ပွားနေကြောင်း ပုံဖော်ပြီး ထန်တလန်မြို့ပေါ်ရှိ လူနေအိမ်များ၊ ဈေးဆိုင်ခန်းများ၊ ခရစ်ယာန်ဘုရားကျောင်းများအား မီးရှို့ဖျက်ဆီးမှုများ အောက်ပါအတိုင်းပြုလုပ်ခဲ့ပါသည်-

**ချင်းပြည်နယ်၊ ထန်တလန်မြို့ မီးလောင်မှုဖြစ်စဉ် ဦးစီးဇယား**

| စဉ် | ရက်စွဲ | အချိန် | | နေရာ | အဆောက်အဦ | | | ကာလတန်ဖိုး | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | မှ | ထိ | | လူနေအိမ် | ခရစ်ယာန်ဘုရားကျောင်း | ဈေးဆိုင်ခန်း | | |
| ၁ | ၂၉-၁၀-၂၁ | ၁၁၄၅ | ၂၃၅၀ | အမှတ်(၁/၂) | ၇၁ | ၂ | | သိန်း ၁၈၃၅ ခန့် | |
| ၂ | ၆-၁၁-၂၁ | ၀၅၅၅ | ၁၀၀၀ | အမှတ်(၃) | ၁ | | ၆ | သိန်း ၁၀၀ ခန့် | |
| ၃ | ၈-၁၁-၂၁ | ၀၂၃၀ | ၀၈၀၀ | အမှတ်(၃) | ၃ | | | ၂၈ သိန်းခန့် | |
| ၄ | ၉-၁၁-၂၁ | ၂၁၀၀ | ၂၃၃၀ | အမှတ်(၃) | ၁၅ | | | သိန်း ၄၈၀ ခန့် | |
| ၅ | ၁၁-၁၁-၂၁ | ၁၉၂၀ | ၁၂၀၀၃၀ | အမှတ်(၃) | ၅ | | | သိန်း ၁၀၀ ခန့် | |
| ၆ | ၂၄-၁၁-၂၁ | ၁၉၃၅ | ၂၅၀၀၃၀ | အမှတ်(၂) | ၃၀ | ၁ | ၁ | သိန်း၇၀၀ ခန့် | |
| ၇ | ၂၇-၁၁-၂၁ | ၂၀၃၀ | ၂၈၀၂၃၀ | အမှတ်(၃) | ၆ | | | ၇၅ သိန်းခန့် | |
| ၈ | ၄-၁၂-၂၁ | ၁၈၀၀ | ၁၈၄၅ | အမှတ်(၂) | ၃ | | | ၄၅ သိန်းခန့် | |
| ၉ | ၈-၁၂-၂၁ | ၁၈၁၅ | ၀၉၀၁၁၅ | အမှတ်(၂) | ၁၃ | | | သိန်း ၂၀၀ ခန့် | |
| စုစုပေါင်း | | | | | ၁၄၇ | ၃ | ၇ | သိန်း ၃၅၆၃ ခန့် | |

ထို့သို့ ထန်တလန်မြို့အား ၉ ကြိမ်တိုင်တိုင် မီးရှို့ထွက်ပြေးခဲ့ပြီး မီးငြိမ်းသတ်ရန်လာရောက်သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ မီးရှို့ဖျက်ဆီးသည့် ပုံသဏ္ဌာန်များဖန်တီး၍ မီးလောင်နေသည့်အိမ်များ၊ နေရာများအား ဒရုန်း(Drone)ဖြင့် ရိုက်ကူးကာ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် သတင်းအမှားများဖန်တီး၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပြည်သူလူထုမှ အထင်မြင်လွဲမှားစေရန် ပြည်ပမီဒီယာများနှင့်ချိတ်ဆက်ပြီး သတင်းအတုအယောင်များလုပ်ကြံဖန်တီးလျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှုရှိစေရေးအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၁၀-၁၂-၂၀၂၁)**

- အကြမ်းဖက်သမားများသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ထန်တလန်မြို့အား စုစုပေါင်း လူနေအိမ် (၁၄၇) လုံး၊ ခရစ်ယာန်ဘုရားကျောင်း (၃)ကျောင်း၊ စျေးဆိုင်ခန်း (၇)ခန်းတို့အား မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်ခဲ့။
- NUG၊ CRPH နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ထန်တလန်မြို့အား မီးရှို့မှု ၉ ကြိမ်တိုင်တိုင်ပြုလုပ်ခဲ့။

## မန္တလေးတိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်တရားခံများအား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းမိ



**ဒီဇင်ဘာလ ၈ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ (ဆ–၂) ရပ်ကွက်၊ အမှတ်(၇၆)တွင် တရားခံ အောင်မြင့်မြတ်နှင့်အတူ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများနှင့် ဖောက်ခွဲရေးပစ္စည်းများ**

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်နှင့် အေးချမ်းစွာနေထိုင်နေသောပြည်သူများနှင့် ၎င်းတို့ကိုမထောက်ခံသောသူများကို ထိတ်လန့်ကြောက်ရွံ့စေရန်အတွက် လုပ်ကြံသတ်ဖြတ်ခြင်းနှင့် အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ နေ့/ည မပျက်တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်လျက်ရှိနေစဉ် ဒီဇင်ဘာ ၈ ရက်၌ တာဝန်သိပြည်သူတစ်ဦး၏ သတင်းပို့မှုကြောင့်–

- ခင်မောင်ထွေးအား ၉မမ ပစ္စတို တစ်လက်၊ ၎င်းကျည် ၁၄ တောင့်နှင့်အတူ ၃၈x၉၀ လမ်း၊ သပြေရပ်စိန်ပန်းအရှေ့ရှိ တုန်တုန်စတိုးဆိုင်အနီး၌လည်းကောင်း၊
- ၎င်းနှင့်အတူ အကြမ်းဖက်မှုများတွင် ပူးပေါင်းလုပ်ကိုင်ခဲ့သော အခြားတရားခံ(၂)ဦးကို မဟာအောင်မြေမြို့နယ်ရှိ ညောင်ကုန်းရပ်ကွက်နှင့် အရှေ့ပတ္တားရပ်တွင်လည်းကောင်း၊
- ချမ်းမြသာစည်မြို့နယ်၊ (ဆ–၂)ရပ်ကွက်တွင် တရားခံ အောင်မြင့်မြတ်အား ၉ မမ ပစ္စတို ၁ လက်၊ ၎င်းကျည်အိမ် ၃ ခုနှင့် ကျည် ၁၅၀ တောင့်၊ MG–1 လက်ပစ်ဗုံး ၃ လုံး၊ မိုင်းမျိုးစုံ ၃ လုံး၊ လက်လုပ်မိုင်းမျိုးစုံ ၁၇၇ လုံး၊ မီးရှို့စနက်ကြိုးပေ ၁၀၀၊ ဒီတိုနေတာအချောင်း ၂၂၀၊ ကျည်ကာပြား ၅၀ ခု၊ လက်ကိုင်ဖုန်း ၁ လုံး၊ အခြားဖောက်ခွဲရေးဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အထက်ပါဖမ်းဆီးရမိသောတရားခံများ၏ ဝန်ခံချက်များအရ ၎င်းတို့ကျူးလွန်ခဲ့သော လုပ်ကြံသတ်ဖြတ်မှု(၅)ကြိမ်နှင့် အကြမ်းဖက်ဖောက်ခွဲမှု(၅)ကြိမ်မှာ–

- ဇွန် ၂၆ ရက်နေ့တွင် ခင်မောင်ထွေးနှင့် ဝင်းအောင်တို့သည် အမရပူရမြို့နယ်၊ တောင်မြို့ရပ်နေ အပြစ်မဲ့ပြည်သူတစ်ဦးကိုလည်းကောင်း၊ ဇူလိုင် ၃၁ ရက်နေ့တွင် ခင်မောင်

ထွေးသည် ချမ်းမြသာစည်မြို့နယ်၊ တမွဝတီရပ်ကွက်နေ အပြစ်မဲ့ပြည်သူတစ်ဦးကိုလည်းကောင်း ဓားဖြင့်ထိုးသတ်ခဲ့။

- စက်တင်ဘာ ၁၁ ရက်နေ့တွင် ခင်မောင်ထွေးသည် ကိုသက် ဦးစီးသော GZP အကြမ်းဖက်အဖွဲ့ဝင်(၇)ဦးနှင့်အတူ Light Truck ယာဉ်ဖြင့် ချမ်းမြသာစည်မြို့နယ်တွင် ကင်းလှည့် နေသော လုံခြုံရေးတပ်ဖွဲ့ကားကို လက်လုပ်ဗုံးဖြင့် တိုက် ခိုက်ခဲ့။
- စက်တင်ဘာ ၂၇ ရက်နေ့တွင် ခင်မောင်ထွေးနှင့် ကိုဖြိုး တို့သည် မဟာအောင်မြေမြို့နယ်ရှိ ကညနရုံးကို လက် လုပ်ချိန်ကိုက်ဗုံးဖြင့် ဖောက်ခွဲခဲ့။
- အောက်တိုဘာ ၂၅ ရက်နေ့တွင် ခင်မောင်ထွေး၊ အောင် မြင့်မြတ်၊ ပြည့်စုံအောင်တို့ ၃ ဦးသည် ပုသိမ်ကြီးမြို့နယ်၊ မြောက်တံတိုင်းရှည်ကျေးရွာမှ အပြစ်မဲ့ပြည်သူတစ်ဦးကို လည်းကောင်း၊ နိုဝင်ဘာ ၅ ရက်နေ့တွင် ခင်မောင်ထွေး သည် ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်မှ ပြည်သူတစ်ဦးကိုလည်းကောင်း၊ နိုဝင်ဘာ ၈ ရက်နေ့တွင် ခင်မောင်ထွေး၊ ကိုသက်၊ ကိုဖြိုးတို့သည် မဟာအောင် မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်မှ ပြည်သူတစ်ဦးကိုလည်း ကောင်း လက်နက်ငယ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့။
- နိုဝင်ဘာ ၂၁ ရက်နေ့တွင် ခင်မောင်ထွေး၊ ကိုသက်၊ ကိုဖြိုး တို့သည် မဟာအောင်မြေမြို့နယ်ရှိ ရစဖရုံးတွင် လုံခြုံရေး ဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအား လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့ပြီး နိုဝင်ဘာ ၂၄ ရက်နေ့တွင် မဟာအောင်မြေမြို့ နယ်၊ သံလျက်မော်အနောက်ရပ်ကွက်တွင် တာဝန်ထမ်း ဆောင်နေသောလုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မော်တော်ယာဉ် နှင့် နိုဝင်ဘာ ၂၇ ရက်နေ့တွင် မဟာအောင်မြေမြို့နယ်၊ ကုန်စိမ်းဈေးအနီးရှိ လုံခြုံရေးတပ်ဖွဲ့များ၏ မော်တော် ယာဉ်တို့ကို လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ ကြောင်း ဖော်ထုတ်သိရှိရပါသည်။

တရားခံများ၏ထွက်ဆိုချက်များအရ-

- တရားခံအောင်မြင့်မြတ်သည် ဖမ်းဆီးရန်ကျန်ရှိနေသော တရားခံသုတအောင်ထံ မှ ပစ္စတို ၁ လက်နှင့် ပွိုင့် ၃၈၀ သေနတ် ၁ လက်ကို သီဟထံသို့ ငွေကျပ် ၄၉ သိန်းဖြင့် ရောင်းချခဲ့ပြီး အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ် ကွက်နေ စောဒေးဗစ်ထံတွင် ရောင်းချရရှိသောငွေများကို အပ်နှံထားခဲ့ကြောင်း၊
- ၎င်းနောက် အခြားတရားခံ ၁ ဦးထံမှ လက်လုပ်ချိန်ကိုက် မိုင်း ၇ လုံး ရရှိခဲ့ပြီး၊ ၄ လုံးကို တရားခံခင်မောင်ထွေးနှင့် အခြား ၂ လုံးကို Speed ထံတွင် အပ်နှံထားခဲ့ကြောင်းနှင့် ၁ လုံးကို စမ်းသပ်ဖောက်ခွဲခဲ့ကြောင်း၊
- မန္တလေးမြို့အတွင်း အကြမ်းဖက်ဖောက်ခွဲရေးနှင့် လုပ်ကြံ သတ်ဖြတ်မှုများဆောင်ရွက်နိုင်ရန် BPO အကြမ်းဖက်အဖွဲ့ ခေါင်းဆောင် မင်းထက်ဦးမှ အဓိကစေခိုင်းနေပြီး၊ ထိုသို့ လုပ်ဆောင်ရန် အောင်မြင့်မြတ်၏ဖခင်နှင့် အောင်မြေ သာစံမြို့နယ်နေ ဖြူပြာကိုမှ ငွေနှင့် ဖောက်ခွဲရေးပစ္စည်း များကိုလည်းကောင်း၊ ပြည်ပနိုင်ငံများရှိ NLD ပါတီကို ထောက်ခံသော အစွန်းရောက်များနှင့် အဖွဲ့အစည်းအချို့မှ ငွေကြေးပံ့ပိုးကူညီလျက်ရှိကြောင်း ဖော်ထုတ်သိရှိရသည်။

တည်ငြိမ်အေးချမ်းစွာနေထိုင်လိုသော ပြည်သူများက NLD ပါတီထောက်ခံသူ အစွန်းရောက်များနှင့် အကြမ်းဖက် သမားများ၏ အကြမ်းဖက်ဖောက်ခွဲမှုများနှင့် လုပ်ကြံသတ်ဖြတ် မှုများကို ရွံ့ရှာမုန်းတီးနေကြပြီး ၎င်းတို့၏သတင်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ ပေးပို့လျက်ရှိပါသည်။ ထိုသို့ပြည်သူများ၏ လျှို့ဝှက်သတင်း ပေးမှုများကြောင့် ဖောက်ခွဲဖျက်ဆီးမှုများနှင့် ပြည်သူများကို လုပ်ကြံသတ်ဖြတ်နေသော အကြမ်းဖက်သမားများကို ဖမ်းဆီး ရမိလျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ ပြည်သူများက ရပ်ရွာအေးချမ်းသာယာရေးအတွက် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

အဆိုပါဖမ်းဆီးရမိသော အကြမ်းဖက်သမားများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဆက်စပ်တရားခံများကို ဥပဒေ အရ ထိရောက်စွာအရေးယူသွားမည်ကြောင်း သိရှိရပါသည်။

**(မြန်မာ့အလင်း ၁၀-၁၂-၂၀၂၁)**

### မန္တလေးတိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်တရားခံများအား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှု



တရားခံ ခင်မောင်ထွေး



တရားခံ လင်းလင်း




တရားခံ ရဲဝင့်ကျော်



တရားခံ အောင်မြင့်မြတ်



တရားခံ ခင်မောင်ထွေးနှင့်အတူ သိမ်းဆည်းရမိသည့် လက်နက်၊ ခဲယမ်းများ

- ဖြစ်စဉ်တွင် တရားခံ ၄ ဦးကို ၉ မမ ပစ္စတို ၂ လက်၊ ၎င်းကျည်အိမ် ၃ ခုနှင့် ကျည် ၁၆၄ တောင့်၊ လက်ပစ်ဗုံး ၃ လုံး၊ မိုင်းမျိုးစုံ ၃ လုံး၊ လက်လုပ်မိုင်း ၁၇၇ လုံး၊ ဖောက်ခွဲရေးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့။
- ၎င်းတို့သည် လုပ်ကြံသတ်ဖြတ်မှု (၅)ကြိမ်နှင့် အကြမ်းဖက်ဖောက်ခွဲမှု (၅)ကြိမ်ကို ကျူးလွန်ခဲ့။

---

## မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်၊ ခူလယ်ကျေးရွာရှိ မဏိဇောတိက ဘုန်းတော်ကြီးကျောင်းအပါအဝင် နိုင်ငံတွင်းရှိ ဘုန်းတော်ကြီးကျောင်းနှင့်သီလရှင်ကျောင်းအချို့၌ လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများသိမ်းဆည်းရမိ

အကြမ်းဖက်အဖွဲ့များဖြစ်သော CRPH နှင့် NUG အဖွဲ့များသည် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုမရှိစေရေးနှင့် တရားဥပဒေစိုးမိုးမှုပျက်ပြားစေရန်ရည်ရွယ်ချက်များဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများကို လုပ်ဆောင်လျက်ရှိပါသည်။ ၎င်းအကြမ်းဖက်အဖွဲ့များသည် အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ရာတွင်အသုံးပြုမည့် လက်နက်၊ ခဲယမ်းများကိုနည်းမျိုးစုံဖြင့် နိုင်ငံအတွင်းပို့ဆောင်၍ ဘာသာရေးကို အလွဲသုံးစားပြုလုပ်ကာ အများပြည်သူ ယုံကြည်ကိုးကွယ်ရာဖြစ်သော ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်းတိုက်အချို့တွင် သိုဝှက်သိမ်းဆည်းခြင်းတို့ကို လုပ်ဆောင်လျက်ရှိပါ သည်။

ထိုသို့ အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်နိုင်မှုမရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များကလိုအပ်သည့် စုံစမ်းရှာဖွေဖော်ထုတ်မှုများကို ဆောင်ရွက်လျက်ရှိရာ -

- မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်၊ ခူလည်ကျေးရွာ၊ မဏိဇောတိကဘုန်းတော်ကြီးကျောင်းတိုက်ရှိ ဥူးအာစာရ(ဝါတော် ၄ ဝါ) (ခ) ဦးညီနိုင် ၃၉ နှစ်၏ထွက်ဆို



**စဥ့်ကူးမြို့နယ်၊ ခူလယ်ကျေးရွာရှိ မဏိဇောတိက ဘုန်းတော်ကြီးကျောင်းဝန်းအတွင်းမှ သိမ်းဆည်းရမိသည့် လက်နက်၊ ခဲယမ်းများ**

ချက်အရ ဒီဇင်ဘာ ၈ ရက်တွင် အဆိုပါကျောင်းတိုက်၏ ဆွမ်းစား ဆောင်အနောက်ဖက်၊ မြေကြီးအတွင်းမြှုပ်နှံထားသော KA သေနတ် ၂၀ လက်၊ ၎င်းကျည်အိမ် ၆၀ ခု၊ ၎င်းကျည် ၇,၀၀၀ တောင့်၊ လက်ပစ်ဗုံး ၉၇ လုံး၊ အီနာဂါ ၅ ၄ လုံး၊ လျှပ်စစ်စနက်တံ ၃၀၀ ချောင်း၊ ယမ်းမှုန့် ၁၅ ပိဿာခန့်၊ သေနတ်လွယ်ကြိုးနှင့် အီကွေးမန့် ၂၀ ခုစီတို့အား သိမ်းဆည်းရမိခဲ့။

- ဇူလိုင်လ ၂၉ ရက်နေ့၌လည်း မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ၃၅ လမ်း၊ ၈၅ X ၈၆ လမ်းကြားရှိ မြတောင်ဘုန်းကြီးကျောင်းတိုက်အတွင်းမှ အကြမ်းဖက်သမား ၁ ဦးနှင့်အတူ ရှော့တိုက်လက်လုပ်မိုင်း ၁၄ လုံး၊ လက်လုပ်မိုင်းအကြီး ၄ လုံး၊ အကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများဖမ်းဆီးရမိခဲ့။
- အဆိုပါကျောင်းတိုက်ဝန်းအတွင်းရှိ ဦးသြဘာသကျောင်းအား ထပ်မံရှာဖွေဖော်ထုတ်ခဲ့ရာ Air Gun အတို ၁ လက်၊ လက်လုပ်မိုင်းအကြီး ၁၄ လုံး၊ အကြမ်းဖက်သမားများအားထောက်ပံ့မည့် ငွေသားအချို့တို့အား သိမ်းဆည်းရမိခဲ့။
- စက်တင်ဘာလ ၁၃ ရက်တွင် ပဲခူးမြို့၊ ရောဝတီဘဏ်ခွဲ (၁)မှ ဓားပြတိုက်လုယက်ယူဆောင်လာသည့် ငွေများနှင့် လက်နက်/ခဲယမ်းများအား ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး ၈ "ဓမ္မဒူတ" သီလရှင်ကျောင်းတိုက်ရှိ ဒေါ်ဥပ္ပသမာနှင့် ဒေါ်ဓမ္မစာရီတို့ထံတွင် အပ်နှံခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ဖော်ထုတ်ဖမ်း ဆီးခဲ့။
- ဒီဇင်ဘာလ ၅ ရက်တွင် ရောဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဂုံးညှင်းတန်းအုပ်စု၊ လဲလောင်းကျေးရွာအနီး ခြေတော်ရာဘုန်းကြီးကျောင်းရှိ ဉူးပညာနန္ဒ(ခ)ကြည်ညွန့် (၆၆)နှစ်အား ပစ္စတို ၁ လက်၊ ကျည်အိမ် ၂ ခု၊ ၉ မမ ကျည် ၂၀ တောင့်၊ အမ်-၁၆ ၁ လက်၊ ၎င်းကျည်အိမ် ၄ ခု၊ ၅ ဒသမ ၅၆ ကျည် ၉၆ တောင့်၊ ရှေ့ထွက်မိုင်း ၃ လုံး၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့။

အကြမ်းဖက်အဖွဲ့များအနေဖြင့် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားကိုအခြေခံ၍ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိရာတွင် မြန်မာနိုင်ငံ၌ ကိုးကွယ်ယုံကြည်မှုအများဆုံးဖြစ်သော ဗုဒ္ဓဘာသာ၏ သံဃာတော်များအဖြစ် အကြမ်းဖက်သမားများက အယောင်ဆောင်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများကို ခုတုံးလုပ်၍ အကြမ်းဖက်တိုက်ခိုက်ရာတွင်အသုံးပြုသည့် လက်နက်၊ ခဲယမ်းများကို သိုဝှက်သိမ်းဆည်းပေးခြင်း၊ အကြမ်းဖက်လုပ်ရပ်များကို အားပေးခြင်းစသည်တို့ကို လုပ်ဆောင်လျက်ရှိပါသည်။

ထိုသို့ ရဟန်းသံဃာအယောင်ဆောင်၍ အကြမ်းဖက်လုပ်ငန်းများကို လုပ်ဆောင်နေသည့်အတွက် မိမိတို့နိုင်ငံ၏ ဘာသာသာသနာကို ညှိုးနွမ်းပျက်စီးစေပြီး ဆရာတော်၊ သံဃာတော်များအနေဖြင့် စိတ်နှလုံးမချမ်းမြေ့ဖွယ်ဖြစ်လျက်ရှိသည့်




ပေပုတောမြို့နယ်၊ ဂုံးညှင်းတန်းအုပ်စု လဲလောင်းကျေးရွာအနီး ခြေတော်ရာဘုန်းကြီးကျောင်း၌ သိမ်းဆည်းရမိသည့် လက်နက်၊ ခဲယမ်းများ

အပြင် ဗုဒ္ဓဘာသာအား ကိုးကွယ်ယုံကြည်ကြသည့် တိုင်းရင်းသားပြည်သူအများစုကလည်း စိတ်အနှောက်အယှက်ဖြစ်ပေါ်လျက်ရှိပါသည်။ နိုင်ငံတော်တွင် မိမိတို့ကိုးကွယ်ယုံကြည်သည့် ဘာသာတရားအပေါ် လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်ကို အခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်း၍ ခွင့်ပြုထားပြီးဖြစ်ပါသည်။ ယခုကဲ့သို့ ဘာသာရေးခုတုံးလုပ်၍ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအများစု ကိုးကွယ်ရာ၊ ယုံကြည်ရာ ရဟန်းသံဃာများအဖြစ်အရေခြုံ၍ အကြမ်းဖက်လုပ်ရပ်များကို ရည်ရွယ်ချက်ရှိရှိလုပ်ဆောင်လျက်ရှိသည့် သာသနာအရေခြုံ အတုအယောင်များကြောင့် ဘာသာ၊ သာသနာ ညှိုးနွမ်းပျက်စီးခြင်းကို ဖြစ်ပေါ်လာနိုင်သည့်ဖြစ်စဉ်ဖြစ်ရပ်များအပေါ် ဓမ္မစက်၊ အာဏာစက်များဖြင့် ထိရောက်စွာဖော်ထုတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**(မြဝတီသတင်းစာ ၁၀-၁၂-၂၀၂၁)**

- **စဉ့်ကူးမြို့နယ်၊ ခူလည်ကျေးရွာရှိ မဏိဇောတိကဘုန်းတော်ကြီးကျောင်းတိုက်၏ ဆွမ်းစားဆောင်အနောက်ဖက်၊ မြေကြီးအတွင်း မြှုပ်နှံထားသော KA သေနတ် ၂၀ လက်၊ ၎င်းကျည်အိမ် ၆၀ ခု၊ ၎င်းကျည် ၇,၀၀၀ တောင့်၊ လက်ပစ်ဗုံး ၉၇ လုံး၊ အီနာဂါ ၅၄ လုံး၊ လျှပ်စစ်စနစ်တံ ၃၀၀ ချောင်း၊ ယမ်းမှုန့် ၁၅ ပိဿာခန့်၊ သေနတ်လွယ်ကြိုးနှင့် အီကွေးမန့် ၂၀ ခုစီတို့အား သိမ်းဆည်းရမိခဲ့။**
- **အကြမ်းဖက်အဖွဲ့များဖြစ်သော CRPH နှင့် NUG အဖွဲ့များသည် လက်နက်၊ ခဲယမ်းများကိုနည်းမျိုးစုံဖြင့် နိုင်ငံအတွင်း ပို့ဆောင်၍ အများပြည်သူယုံကြည်ကိုးကွယ်ရာဖြစ်သော ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်းတိုက်အချို့တွင် သိုဝှက်သိမ်းဆည်းခြင်းများ လုပ်ဆောင်လျက်ရှိ။**
- **ရဟန်းသံဃာများအဖြစ် အရေခြုံ၍ အကြမ်းဖက်လုပ်ရပ်များကို ရည်ရွယ်ချက်ရှိရှိလုပ်ဆောင်လျက်ရှိသည့် သာသနာအရေခြုံအတုအယောင်များကြောင့် ဘာသာ၊ သာသနာ ညှိုးနွမ်းပျက်စီးခြင်းကို ဖြစ်ပေါ်လာနိုင်သည့် ဖြစ်စဉ်ဖြစ်ရပ်များအပေါ် ဓမ္မစက်၊ အာဏာစက်များဖြင့် ထိရောက်စွာဖော်ထုတ်ဆောင်ရွက်သွားမည်ဖြစ်။**

## နိုင်ငံတွင်းရှိ ဘုန်းတော်ကြီးကျောင်းနှင့်သီလရှင်ကျောင်းအချို့၌ လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများသိမ်းဆည်းရမိသည့် မှတ်တမ်းဓာတ်ပုံများ



ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ ဓမ္မဒူတသီလရှင်ကျောင်းတွင် သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ



မဟာအောင်မြေမြို့နယ်ရှိ မြတောင်ဘုန်းကြီးကျောင်းတိုက်အတွင်းမှ သိမ်းဆည်းရမိသည့် အကြမ်းဖက်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ

# ပဲခူးမြို့နယ်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ်(၂၅/၅) နေရာ၌ ရောဝတီဘဏ်မှ ငွေသယ်ယာဉ် ၂ စီးအား ဓါးပြတိုက်သည့် ဖြစ်စဉ်မှ ဖမ်းဆီးရမိသည့် တရားခံများ



မျိုးကို(ပဲခူး PDF)

အစီအစဉ်ရေးဆွဲသူ



မြင့်မြင့်နိုင်

စက် ၁၃ ၁၉၀၀ ချိန်



ဥမ္မာ



စည်သူဖြိုး



ဘုန်းခန့်ကို



ရန်လင်းထွေး



အောင်ပြည့်ခန့်

CDM ပြုလုပ်ထားသည့် ဘဏ်ဝန်ထမ်း (ရုံးအကူ)



ဒေါ်ဥပ္ပဝသမာ



ဒေါ်ဓမ္မစာရီ

လက်နက်/ခဲယမ်းနှင့် ငွေကြေးများအားလက်ခံထားသူ



ကုလားကြီး



စဉ့်ကူးမြို့နယ်၊ ခူလယ်ကျေးရွာရှိ မဏိဇောတိကဘုန်းတော်ကြီးကျောင်းတွင် ဖမ်းဆီးရမိခဲ့သည့် ဦးအာစာရ(ဝါတော် ၄ ဝါ) (ခ) ဦးညီနိုင်

# ချမ်းအေးသာစံမြို့နယ်အတွင်း Silence Strike Campaign ပြုလုပ်ရန် ပြင်ဆင်နေသူအား လက်လုပ်မိုင်း၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ




၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ၃၀×၆၃ လမ်းထောင့်၌ လုံခြုံရေးပူးပေါင်းအဖွဲ့က နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ခိုင်ဇင်ဖူး (၂၀) နှစ်အား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးခဲ့ရာ Silence Strike Campaign ပြုလုပ်ရန် လှုံ့ဆော်ရေးသားထားသည့် လက်ကမ်းစာစောင်များနှင့် ပိတ်စ ၁ ခုတို့အား စစ်ဆေးတွေ့ရှိခဲ့သည့်အပြင် ၎င်းနေထိုင်သည့်နေအိမ်အား ထပ်မံရှာဖွေခဲ့ရာ လက်လုပ်မိုင်းမျိုးစုံ ၁၀၀ လုံး၊ ယမ်းကြိုး ၃၃ ခု၊ ဒိုင်းကာ ၃၀ ခု၊ ကျည်ကာအင်္ကျီ ၃ ထည်၊ ခွပ်ဒေါင်းပုံပါ ဗကသ အလံ ၁ ခု၊ ဆေးပစ္စည်းမျိုးစုံနှင့် ဆန္ဒပြရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့ပါသည်။

ထို့နောက် တရားခံ ခိုင်ဇင်ဖူး၏ ထွက်ဆိုချက်အရ–

- မန္တလေးမြို့အတွင်း ဆူပူဆန္ဒပြခြင်းများအား အဓိကဦးဆောင်သူမှာ အစွန်းရောက် NLD ပါတီဝင် သူရအောင် ဖြစ်ပြီး ၎င်းမှ ဆန္ဒပြသူများ စုစည်းနေထိုင်ရန်အတွက် ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ရေနီမြောင်းလမ်းသွယ်ရှိ နေအိမ်အား ငှားရမ်းထားကြောင်း။
- အဆိုပါနေအိမ်တွင် လှလှ၊ ဝင့်ဝါ၊ ငြိမ်းချမ်းပြည့်စုံ၊ ဟိန်းမင်းဇော်နှင့် စိုးလင်းအောင်တို့နှင့်အတူ ၆ ဦး စုစည်းနေထိုင်၍ မန္တလေးမြို့တွင်း ဆူပူဆန္ဒပြမှုများဖြစ်ပေါ်စေရေး လိုက်လံဆောင်ရွက်ခြင်းဖြစ်ကြောင်း။
- ဆူပူဆန္ဒပြရာတွင် အသုံးပြုရန် လိုအပ်သောပစ္စည်းများနှင့် ဆန္ဒပြလိုက်ပါသူများ၏ စားဝတ်နေရေးအတွက် ငွေကြေးအား သူရအောင်က အဓိကထောက်ပံ့၍ စေခိုင်းလျက်ရှိကြောင်း။
- ထို့ပြင် သူရအောင်၏ စေခိုင်းချက်အရ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ပြည်သူလူထုအား အထိတ်တလန့်ဖြစ်စေရန်၊ နိုင်ငံတကာမှ မြန်မာနိုင်ငံအတွင်း အုပ်ချုပ်မှုယန္တရားပျက်ပြားနေသည်ဟု အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ Silence Strike Campaign ပြုလုပ်ရန်ဖြစ်ကြောင်း။
- အဆိုပါနေ့တွင် ပုံမှန်သွားလာလျက်ရှိသော အများပြည်သူများအား ပူးပေါင်းဆောင်ရွက်ခြင်းမရှိသူများအဖြစ် သတ်မှတ်ကာ ထိခိုက်ဒဏ်ရာရရှိစေရန်အတွက် အကြမ်းဖက်သမားများက အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်လျက်ရှိစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း။

အေးချမ်းစွာနေထိုင်လိုသော ပြည်သူလူထုအား အထိတ်တလန့်ဖြစ်စေရန်နှင့် အပြစ်မဲ့သာမန်ပြည်သူများအား ထိခိုက်ဒဏ်ရာရရှိစေရန် NUG အကြမ်းဖက်အဖွဲ့၏ နောက်ကွယ်မှ



**ချမ်းအေးသာစံမြို့နယ်အတွင်း Silence Strike Campaign ပြုလုပ်ရန် ပြင်ဆင်နေသူထံမှ သိမ်းဆည်းရမိသည့် လက်လုပ်မိုင်းများနှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ**

ကြိုးကိုင်စေခိုင်းမှုများကြောင့် အစွန်းရောက် NLD ထောက်ခံသူလူငယ်များ လမ်းမှားရောက်ရှိပြီး အမျိုးမျိုးသောအကြမ်းဖက်လုပ်ရပ်များကို မိုက်ရူးရဲဆန်စွာ ပြုလုပ်လျက်ရှိပါသည်။ အကြမ်းဖက်သမားများသည် ဘက်မတူလျှင် ငါ့ရန်သူဟု သတ်မှတ်ကာ အပြစ်မဲ့ပြည်သူများအား ရက်စက်စွာ လုပ်ကြံသတ်ဖြတ်လျက်ရှိခြင်းကြောင့် ပြည်သူလူထုအနေဖြင့် အကြမ်းဖက်သမားများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါသည်။

သက်ဆိုင်ရာတာဝန်ရှိသူများက ဖမ်းဆီးရမိတရားခံအား ဥပဒေအရထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်သူလူထုအား အထိတ်တလန့်ဖြစ်စေရန်နှင့် ထိခိုက်ဒဏ်ရာရရှိစေရန် အကြမ်းဖက်မှုတွင် ပါဝင်ဆောင်ရွက်နေသူများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ပြည်သူလူထုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိပါသည်။

**(မြဝတီသတင်းစာ ၁၀-၁၂-၂၀၂၁)**




**Silence Strike Campaign ပြုလုပ်ရန် လှုံ့ဆော်ရေးသားထားသည့် ဆိုင်းဘုတ်များ၊ ပိုစတာများ**

- လုံခြုံရေးပူးပေါင်းအဖွဲ့က နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ခိုင်ဇင်ဖူး(၂၀)နှစ်အား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးခဲ့ရာ Silence Strike Campaign ပြုလုပ်ရန် လှုံ့ဆော်ရေးသားထားသည့် လက်ကမ်းစာစောင်များနှင့် ပိတ်စ ၁ ခုတို့အား စစ်ဆေးတွေ့ရှိခဲ့။
- ဆူပူဆန္ဒပြရာတွင် အသုံးပြုရန် လိုအပ်သောပစ္စည်းများနှင့် ဆန္ဒပြလိုက်ပါသူများ၏ စားဝတ်နေရေးအတွက် ငွေကြေးအား အစွန်းရောက် NLD ပါတီဝင် သူရအောင်က အဓိကထောက်ပံ့၍ စေခိုင်းလျက်ရှိ။
- သက်ဆိုင်ရာတာဝန်ရှိသူများက ဖမ်းဆီးရမိတရားခံအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်။

---

## လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ၂၀၀၀၀ ကျပ်တန်၊ ၅၀၀၀၀ ကျပ်တန် ငွေစက္ကူသစ်များ ထုတ်မည်ဆိုသည့်သတင်းမှာ သတင်းအမှားသာဖြစ်

လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ငွေစက္ကူအသစ် ၂၀,၀၀၀ ကျပ်တန်၊ ၅၀,၀၀၀ ကျပ်တန်များ ထုတ်မည်ဆိုသည်မှာ သတင်းအမှားသာဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိပေးထုတ်ပြန်ထားပါသည်။

**ပြည်သူလူထုထံပန်ကြားချက်**

**ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်**

လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ငွေစက္ကူအသစ် ၂၀,၀၀၀ ကျပ်တန်၊ ၅၀,၀၀၀ ကျပ်တန်များ ထုတ်မည်ဆိုသော ကောလာဟလသတင်းများထွက်ပေါ်နေကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ငွေစက္ကူတန်ဖိုးအမျိုးအစားအသစ် ထုတ်ဝေခြင်းကိစ္စ၊ ထုတ်ဝေပြီးသော ငွေစက္ကူအမျိုးအစားကို ပုံစံသစ်ဖြင့် ပြောင်းလဲထုတ်ဝေခြင်းကိစ္စရပ်များ ဆောင်ရွက်မည်ဆိုပါလျှင် ပြည်သူများကို ကြိုတင်ကြေညာအသိပေးဆောင်ရွက်ပါကြောင်း၊ ယခုသတင်းဖြစ်ပေါ်နေသော ၂၀၀၀၀ ကျပ်တန်၊ ၅၀၀၀၀ ကျပ်တန် ငွေစက္ကူအသစ်များ ထုတ်မည်ဆိုသည့် သတင်းမှာမဟုတ်မမှန်ပါကြောင်း အသိပေးအပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

**(မြဝတီသတင်းစာ ၁၀-၁၂-၂၀၂၁)**

- လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ငွေစက္ကူအသစ် ၂၀,၀၀၀ ကျပ်တန်၊ ၅၀,၀၀၀ ကျပ်တန်များ ထုတ်မည်ဆိုသည်မှာ သတင်းအမှားသာဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ် က အသိပေးထုတ်ပြန်ခဲ့။

---